
www.burmeseclassic.com

# အောက်ခြေ
# သန်းတစ်ထောင်

ဂျူး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

တို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်ရေး - ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး - ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများ အား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အောက်ခြေသန်းတစ်ထောင်

The Bottom Billion

Paul Collier

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ် ပုံနှိပ်ခြင်း
မတ်လ ၂၀၁၃

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ကာလာဇုံပုံနှိပ်တိုက်

မျက်နှာဖုံး ဒီဇိုင်း
ဇော်မောင်

ထုတ်ဝေသူ
ဒေါ်တင်တင်ဝင်း ဂျူးစာပေ
အမှတ်၈၅ အထက်ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်မြို့

အုပ်ရေ
၇၀၀

တန်ဖိုး
၈၀၀ ကျပ်

ဂျူး ၈၀၈.၈၄
အောက်ခြေသန်းတစ်ထောင်၊ ရန်ကုန်
ဂျူးစာပေ ၂၀၁၃ စာ ၆၄

# အောက်ခြေသန်းတစ်ထောင်

## ဂျူး

(ပေါလ်ကိုလီယာ၏ အောက်ခြေသန်းတစ်ထောင် စာအုပ်နှင့်
မြန်မာနိုင်ငံတွင် ပြောခဲ့သောမိန့်ခွန်းမှ အတိုချုပ်ကောက်နုတ်သည်)

www.burmeseclassic.com

www.burmeseclassic.com

အထည်ကြီးပျက်လား အထည်လေးပျက်လား မသိ၊ ကျွန်မတို့မိသားစုက နွမ်းပါးသွားပေမဲ့ ဟန်မပျက် နေနိုင်ခဲ့တာ အကြာကြီး။ ကိုယ့်ထက် ပို ဆင်းရဲနွမ်းပါးသူတွေကို ကျွန်မတို့ သိပ်မဝတ်ဖြစ်သည့် အနွေးထည်လေးတွေ အင်္ကျီဘောင်းဘီလေးတွေ ဝေငှပေးခဲ့ရသေးသည်။ ကိုယ့်အဝတ်ကို နှမြောပေမဲ့ သူများကိုကူညီရသည့်အခါ ကြည်နူးရပါသည်။ သူများဆီက တစ်ခုခု ကူညီခံရဖို့ တစ်ခါမှ မမျှော်လင့်ခဲ့ရာက ဆောင်းတစ်ညနေမှာတော့ ကျွန်မ တော်တော်အံ့သြရသည့် အဖြစ်အပျက်တစ်ခု ကြုံခဲ့သည်။ ကျွန်မတို့ညီအစ်မတွေအတွက် အိမ်နီးချင်းတစ်ဦးက အနွေးထည် တော်တော်ကောင်းကောင်း (သို့သော် တစ်ပတ်နွမ်း) နှစ်ထည် မီးပူတိုက်ပြီးသား အခေါက်လိုက်လေး လာပေးခဲ့ခြင်း ဖြစ်သည်။ ဒါ ပထမဆုံးအကြိမ် လက်ခံလိုက်ရသော သူတစ်ပါးထံမှ အကူအညီပါ။

အဲဒီညနေက အင်္ကျီလေးတွေဟာ အသစ်တော့ မဟုတ်ဘူးဟု သိလိုက်သည့်အချိန်တွင် (ကိုယ်ချင်း မစာမနာ) ကျွန်မ မျက်နှာများ ပျက်သွားခဲ့မိလားမသိ။ ကျွန်မတို့ မိသားစု တန်ပျက်သွားခဲ့ပြီလား။ ကျွန်မတို့ကချည်း ရှိသည့်ပစ္စည်းလေး

www.burmeseclassic.com



တွေကို ဝေငှပေးနေရာကနေ အခုအခါ အပေးခံရသူဘဝသို့ ဘယ်အချိန်က ရောက်သွားတာလဲ။ ဟန်မပျက် ဆင်းရဲနွမ်းပါးရာကနေ ကိုယ်တိုင်တောင် မသိလိုက်ဘဲ ဟန်ပျက်သွားသည့် အခြေအနေ။ ထိုအမှန်တရားကို ရင်ဆိုင်ရတာ နည်းနည်းတော့ ထိခိုက်တာပေါ့။

ထိုအချိန်ကတည်းက ဆင်းရဲခြင်းနှင့်ဆက်စပ်နေသော အရာတို့ကို စိတ်ဝင်စားလာခဲ့သည်။ ဆင်းရဲခြင်း၏အကြောင်းရင်း၊ ဆင်းရဲခြင်း၏နောက်ဆက်တွဲ ပြဿနာများ၊ ဆိုးကျိုးများ ဆင်းရဲခြင်းမှ ရုန်းထွက်နိုင်မည့် အင်အားများ၊ အကူအညီများ၊

ကျွန်မတို့ နွမ်းပါးသည်။ နွမ်းပါးရခြင်း အကြောင်းရင်းကိုလည်း ကျွန်မသိသည်။ ဖေဖေ အလုပ်လုပ်နေသည့် ရေနံမြေကို ပြည်သူပိုင်သိမ်းခံလိုက်ရသည်။ ဖေဖေက နှစ်မျိုး နစ်နာသည်၊ တစ်မျိုးက သူများ၏ရေနံတွင်းမှာ မန်နေဂျာအဖြစ် လုပ်နေစဉ် ပြည်သူပိုင် သိမ်းသောအခါ ထိုအလုပ်ကနေ ပြုတ်သွားတာ၊ နောက်တစ်မျိုးက ဖေဖေ စုထားသောငွေနှင့် မေမေ့လက်ဝတ်လက်စားအားလုံးကို ထုခွဲပြီး ဖေဖေကိုယ်တိုင် ရေနံတွင်းတစ်ခုထဲသို့ ရင်းနှီး မြှုပ်နှံပစ်လိုက်လို့။ မေမေပြောသလို ပလုံခနဲတောင် မမြည်လိုက်ရသည့်ငွေတွေ။

ဖေဖေက ကျွန်မတို့ကို နာရီပြင်ဆရာလုပ်ပြီး ကျွေးမွေး ပြုစုခဲ့ရသည်။ ခြစ်ခြစ်ခြုတ်ခြုတ် စားသောက်ရသည်။ ကုန်းစောင်းသို့ ရွှေ့ပြောင်းပြန်တော့ ကုန်းစောင်းမှာရှိသည့် မေမေ့လယ်တွေက ကိုယ်တိုင် လယ်လုပ်ခြင်း မဟုတ်လို့ လယ်သိမ်းစား ဥပဒေဖြင့် လက်လွှတ် ဆုံးရှုံးသွားရပြန်သည်။ ဒါပေမဲ့ ကျွန်မတို့



မှာ ဆင်းရဲနွမ်းပါးမှုကနေ လွတ်မြောက်ဖို့ ထွက်ပေါက်ရှိခဲ့သည်။ ဒါကို အခုချိန်ကျမှ ပြန်စဉ်းစားမိခြင်း ဖြစ်သည်။ ထိုထွက်ပေါက်မှာ ပညာရေး ဖြစ်သည်။ ဖေဖေနှင့် မေမေသည် ကျွန်မတို့မောင်နှမတွေ၏ပညာရေးကို အားပေးသည်။ ပညာတတ်ရမည်။ ပညာတတ်မှ လိမ္မာရေးခြား ရှိမည်။ အမှားအမှန် ခွဲခြားနိုင်မည်။ အလုပ်အကိုင် ရှာဖွေနိုင်မည်။

ကျွန်မတို့ ပညာကို အားကြိုးမာန်တက် သင်ယူလေ့လာကြလေသည်။

ကျွန်မတို့သာ ပြည်သူပိုင်သိမ်းခံလိုက်ရလို့ နွမ်းပါး သွားသော်လည်း ကျွန်မတို့နိုင်ငံကတော့ စာထဲမှာ သင်ရသည့်အတိုင်းဆိုလျှင် သဘာဝသယံဇာတတွေ အလွန် ပေါကြွယ်ဝတာပဲ။

ကျွန်မငယ်စဉ်က မြန်မာနိုင်ငံ၏တွင်းထွက် သယံဇာတများအကြောင်း သင်ရသည့်အခါ မြန်မာနိုင်ငံ မြေပုံတွင် ကျွန်မတို့မြို့ အမြဲတမ်းပါသည်။ ရေနံတူးစင် ပုံသဏ္ဌာန် သင်္ကေတလေးဖြင့် ရေနံချောင်းဟု ဖော်ပြထားသောကြောင့် ဖြစ်သည်။ ကျွန်မ ချက်စိအောက်တွင်ပင် ကိုယ်တွေ့ပါပဲ။ လက်မှတ်ကုန်းမှ တွင်းတုန်းသို့ ဖြတ်သွားတိုင်း ရေနံတူးစင်ကြီးတွေ၊ ဟိုဘက်သည်ဘက် ယိမ်းကာ ရေနံထုတ်ယူနေသည့် မောင်းတံကြီးတွေကို မြင်နေကျပဲ။ ဟုတ်တယ်။ ရေနံတွေ အများကြီးပါပဲ။ ရေနံဆိုတာ ကြွယ်ဝခြင်းပါပဲ။

ရေနံချောင်းမှာ ရေနံဖြင့်ကြွယ်ဝသူများ၏ အမွေအနှစ် ကျန်ရှိနေဆဲ။ တွင်းကြီးမင်းစုရပ်ကွက်ဆိုတာကိုက တွင်းကြီးမင်းခေါ် ပေါက်ဖွားဆင်းသက်လာသောဆွေမျိုးတွေ နေထိုင်ရာအရပ်ကို

www.burmeseclassic.com

www.burmeseclassic.com



အစွဲပြုပြီးရလာသော နာမည် မဟုတ်ဘူးလား။ ကျောက်စာရုံ ဘုရားကြီးသည် ရေနံတွင်းများကို ပိုင်သော တွင်းရိုးတွင်းစားတွေ လှူဒါန်းထားသည့် အလှူဒါနမှု ရေနံတွင်းသူဌေးတို့၏ သက်သေပဲ။ ပိဋကတ်သုံးပုံကို စကျင်ကျောက်ချပ်ကြီးတွေမှာ ထွင်းပြီး ပူဇော်ထားသည့် အဆောက်အဦကြီးများသည် ယခုကာလထိတိုင် ကျွန်မတို့မြို့၏ ကျက်သရေဆောင် ဖြစ်သည်။ တွင်းစားရိုးကြီးဦးသာကံနှင့် ပါရမီဖက်ခင်သင် ဆိုသည့် ကမ္ပည်းကျောက်စာကို အခုထိ ကျွန်မ မြင်ယောင်နေမိပါသည်။

လက်ဖြင့်တူးသည့် ရေနံတွင်းတွေမှ ရသည့် ဝင်ငွေ၊ ထို့နောက် အင်္ဂလိပ်အုပ်ချုပ်ပြန်တော့ အင်္ဂလိပ်အစိုးရဆီက ရသည့် တွင်းငှားခငွေလေး တပဲ ခြောက်ပြား ဝင်ငွေ၊ ဒါတွေ စုပြီး ဒီလောက် အလှူကြီးတွေ လုပ်နိုင်တာ၊ အာဏာဖြင့် ပိုင်ဆိုင်ခွင့်လည်း သိမ်းယူ၊ စက်ဖြင့်လည်း တူးသည့်လူတွေဆိုလျှင် ဘယ်လောက်များ ဝင်ငွေကောင်းလိုက်ကြမလဲပေါ့။ ၁၉၃၉ခုနှစ်တုန်းက အင်္ဂလိပ်တွေ ရေနံ ပေပါပေါင်း ဖြသန်းခွဲ ရခဲ့သတဲ့။ ဝင်ငွေက အဲဒီတုန်းက ဒေါ်လာ၃၅သန်း ရခဲ့သတဲ့။

ရေနံသာမက ကျွန်းသစ်တွေ၊ ကျောက်သံ ပတ္တမြားတွေ၊ ရွှေ၊ ကျောက်စိမ်း၊ ကြေးနီ၊ ခဲမဖြူ အဖြိုက်နက်တွေကလည်း ရှိသေးသည်။ သင်ခန်းစာထဲမှာ သင်ရပါသည်။ သယံဇာတတွေ ပေါများ ကြွယ်ဝပါဘိခြင်း။ သယံဇာတတွေကြောင့် ကိုလိုနီဘဝသို့ ကျရောက်ခဲ့သည်။ သယံဇာတတချို့ ကုန်သွားသည်။ လွတ်လပ်ရေးရသည်။ သဘာဝသယံဇာတတွေ ကျန်ရှိနေဆဲ။ ဆန်စပါး တောင် နိုင်ငံခြားသို့ တင်ပို့သည့်အဆင့် ရှိနေခဲ့ဆဲ။ တော်လှန်ရေး



ဆောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးခေတ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးခေတ်၊

ခေတ်တွေ ပြောင်းလာသည်။ ကျွန်မလည်း လူလားမြောက်ပြီး အသိပညာ ဗဟုသုတတွေ တိုးလာသည်။ မြန်မာနိုင်ငံဆင်းရဲသောနိုင်ငံတစ်ခုအဖြစ် စာရင်းပေါက်လာတာကို လက်မခံချင်လည်း လက်ခံလိုက်ရပြီ။

ကျွန်မ ခုနစ်တန်းနှစ်လောက်က ဆရာဇော်ဂျီ၏ ဘိုတိုင်းပြည် ကဗျာကို သင်ခန်းစာအဖြစ် သင်ရ၏။ ကျွန်မတို့ကို အသိပညာကြွယ်ဝအောင် ခွန်အားပေးခဲ့သောကဗျာ ဖြစ်သည်။ ကျွန်မတို့နိုင်ငံ ပညာရေးစနစ်တွင် သင်ရိုးညွှန်းတမ်းကဖြင့် အပြစ်အနာအဆာ တယ် မရှိလှပါဘူးဟု ခုခံကာကွယ်လို့ ရလောက်သည်။

ထလော့မြန်မာ အိုမြန်မာတို့
တို့ရွာတို့ပြေ တို့ယာမြေဝယ်
ရေချိုသောက်ရန် မြစ်ချောင်းကန်နှင့်
သီးနှံချိုပျား များလည်းများ၏။

ငယ်စဉ်ကတော့ ကဗျာကိုနှစ်သက်သော်လည်း အပြည့်အဝကြီး နားမလည်နိုင်ခဲ့။ ရေချိုသောက်ရန် မြစ်ချောင်းကန်နှင့် ချိုမြသောသီးနှံတွေ များပြားသည်ဆိုတာ ဘာများ ဆန်းလို့လဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို စာဖွဲ့ထားတယ်ဆိုတော့ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာမှန်းမသိ။

အသက်နည်းနည်း ကြီးလာတော့ စာလေး ဘာလေး ပိုဖတ်လာသည့်အခါ ကမ္ဘာကို စာတွေ့ မြည်းစမ်းမိလာသည်။ အာရှကို နည်းနည်း ပိုသိလာသည်။ ထိုအခါကျမှ ရေချိုသောက်ရန် မြစ်ချောင်းကန်ဆိုတာ နိုင်ငံတိုင်းမှာ ပေါများနေတာ မဟုတ်ပါပဲလား ဟု ပိုပြီး သဘောပေါက်လာတော့သည်။ သောက်စရာရေချို မရှိလို့ ရေကို အိမ်နီးချင်းနိုင်ငံကနေ ဝယ်ယူပြီး သောက်သုံးရသည့် အဖြစ်များ၊ သောက်စရာရေချိုမရှိလို့ အညစ်အကြေးရေကို ပြန်သန့်စင်အောင် ငွေကုန်ကြေးကျများစွာဖြင့် ကျိုချက်သောက်ကြရသည့်အဖြစ်တွေကို ကိုယ်တိုင် သိလာသည်။ ဒို ကျွန်မတို့နိုင်ငံဟာ ရေအတွက်ဖြင့် နိုင်ငံခြားငွေ ကုန်စရာ မလိုခဲ့တာ တော်ပါသေးရဲ့လေ။ နိုင်ငံခြားကို သဘာဝဓာတ်ငွေ့နှင့် ရေနံတင်ပို့ ရောင်းချ၊ လျှပ်စစ်ဓာတ်အားတွေကိုတောင် နိုင်ငံခြားသို့ ရောင်းချရသေးသည် မဟုတ်လား။ သို့ပါလျက် ဖွံ့ဖြိုးဆဲနိုင်ငံတွေထဲမှာ ကျွန်မတို့ ပါနေခဲ့တာ။ ဒါ အံ့ဩစရာကြီးပေါ့။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာများ မှားနေလို့လဲ။

ကျွန်မ ဟိုစာတွေဖတ် ဒီစာတွေဖတ် ပညာရှင်တွေနှင့် တွေ့လို့ စကားစမြည်ပြော ဆွေးနွေး မေးမြန်းသည့်အခါ ကျွန်မတို့နိုင်ငံမှာ အဖော်နှင့်အပေါင်းနှင့် ဆိုတာကို မြင်တွေ့လာသည်။ ကျွန်မတို့လိုပဲ ဖွံ့ဖြိုးဆဲနိုင်ငံတွေ ရှိသေးသည်။ တူညီတာတစ်ခုက သူတို့လည်း သဘာဝသယံဇာတတွေ ကျွန်မတို့လိုပဲ ပေါကြွယ်ဝခဲ့ကြဖူးသည်။ ဒါနှင့်တောင် ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်ပဲ ရှိသေးသည်။



တစ်ခါတစ်ခါ ဆင်းရဲတွင်းထဲကျလိုက်။ တစ်ခါတစ်ခါ ဆင်းရဲခြင်းချည်းကြောင်းမှာ တန်းနေလိုက်။

မျှားပါလေလည်း တမွဲမွဲနှင့်
ဆင်းရဲကာသာ ယာစကာမျိုး
တညိုးညိုးနှင့် ပုထိုး မြင့်မောင်း
ကျောင်းကြိုကျောင်းကြား
လှည့်လည်သွားလျက်
မစားလေရ ဝမ်းမဝ၍
ဆွမ်းမျှ မတင်နိုင် ရှိမည်တည်း။

ဆရာကြီးပြောခဲ့ပုံက တော်တော်ရက်စက်သည်။ ကျွန်မတို့ ယာစကာမျိုးဖြစ်ရတော့မှာလား။ သူတောင်းစားဘဝသို့ ရောက်သွားနိုင်ခြေ ရှိသလား။ ဆရာကြီးရယ် 'အထည်ကြီးပျက်ဖြစ်သွားမယ်' ဆိုတဲ့ အသုံးအနှုန်း လောက်ဆို တော်ရောပေါ့။

ထလော့မြန်မာ အို မြန်မာတို့
တို့ရွာတို့မြေ တို့ရွာမြေဝယ်
စေတီစပါး မျှားလည်းမျှား၏
မျှားပါလေလည်း တမွဲမွဲနှင့်
ဆင်းရဲကာသာ ကာလကြာလျှင်
မြင်သာမြင်ရ မစားရ၍
တောက ပြိတ္တာဖြစ်မည်တည်း။

www.burmeseclassic.com

www.burmeseclassic.com



အထည်ကြီးပျက်ဆိုသော စကားလုံးကို ရပ်ကွက်ထဲမှာ ကျွန်မတို့ ခဏခဏ ကြားဖူးသည်။ နဂိုက ချမ်းသာ ကြွယ်ဝပြီး ယခုအခါ ရှိသမျှ အကုန်ကုန်သွားပြီ။ အသုံးအစွဲကို လျှော့ချနေရပြီ။ သို့သော် ဟန်လေးကတော့ ရှိနေဆဲ။ ထိုစကားလုံးနှင့် ကိုယ့်ကိုယ်ကို ပမာပြု တင်စားလို့ ရမလား။

မရနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ တစ်အချက်၊ ကျွန်မတို့က 'အထည်ကြီး'ဘဝသို့ ရောက်ခဲ့ဖူးရဲ့လား မသေချာ။ နှစ်အချက်၊ သေချာတာက ကျွန်မတို့က ဟန်ပျက်နေပြီ။ ကိုယ့်အခြေအနေကို တိုးတိုးတိတ်တိတ် မဟုတ်။ ကျယ်ကျယ် လောင်လောင်ပဲ အားလုံးသိနေပြီ။ ဒီတော့ ဒီ့ထက် ပိုသင့်တော်သည့် စကားလုံး ရှိရဦးမည်။ ထားပါတော့။

သိပ်မကြာသေးခင်က ကျွန်မ စာအုပ်တစ်အုပ် ဖတ်ရသည်။ ကျွန်မနားမလည်ခဲ့သော တချို့အရာတွေကို ထိုစာအုပ်က အမိပ္ပါယ်ဖော်ပေးခဲ့၏။ ကျွန်မ ထိုစာအုပ်ကို သဘောကျသဖြင့် ကျွန်မ၏လုံးချင်းဝတ္ထု 'သူ မင်းကို ဘယ်တော့မှ' တွင် စာ တစ်ကြောင်း နှစ်ကြောင်းဖြင့် မိတ်ဆက်လိုက်မိသေးသည်။ ပေါလ်ကိုလီယာ Paul Collier ၏ အောက်ခြေ သန်းတစ်ထောင် (The Bottom Billion) ဟူသောစာအုပ် ဖြစ်ပါသည်။

စီးပွားရေးပညာရှင် ပေါလ်ကိုလီယာသည် စာရေးကောင်းလှ၏။ ကျွန်မလို လူပြိန်းမျိုး နားလည်အောင် စိတ်ဝင်စားအောင် ရေးခဲ့၏။ မိတ်ဆက်စကားချီးကစပြီး ကျွန်မကို ဆွဲဆောင်ခဲ့သည်ဟု ပြောနိုင်ပါသည်။



စာရေးသူ ပေါလ်ကိုလီယာသည် ၁၉၆၈ ခုနှစ်တွင် အောက်စ်ဖို့ဒ်တက္ကသိုလ် ကျောင်းသားတစ်ယောက် ဖြစ်ခဲ့သည်။ ဘွဲ့ရသည့်အခါ သူ၏စီးပွားရေးပညာကို အာဖရိကနိုင်ငံတွေအတွက် အသုံးချချင်ခဲ့သည်။ အာဖရိက၏ နိုင်ငံသစ်များသည် ရှိသင့်ရှိထိုက်သည့် အရည်အချင်းတွေ မပြည့်စုံသည့်အပြင် အာဖရိကသားထဲက သူလို အောက်စဖို့ဒ်ပညာကို သင်ယူခွင့်ရသူ ဟူ၍ မရှိသလောက် ရှားသည်။ ထိုအချိန်တုန်းက အောက်စဖို့တက္ကသိုလ်ကျောင်းသားအများသည် အာဖရိကနှင့် ဆက်နွှယ်နေကြသည်။ ဘာကြောင့်လဲဆိုတော့ ကျောင်းသားတို့၏ဖခင်များသည် အာဖရိကတွင် ကိုလိုနီအုပ်ချုပ်ရေး ယန္တယားမှာ ထမ်းဆောင်နေကြသူများ ဖြစ်သောကြောင့်။

သို့သော် သူကတော့ အဲလိုမဟုတ်။ သူ့ဖခင်သည် အာဖရိကမှာ ကိုလိုနီအုပ်ချုပ်ရေးပိုင်းက အရာရှိ မဟုတ်။ ယော့ခ်ရှိုင်းယားပြည်နယ်တွင် သားသတ်သမားအဖြစ် အသက်မွေး ဝမ်းကျောင်းသည်။ သို့သော် သူငယ်ချင်းတွေ၏ ကိုလိုနီအုပ်ချုပ်ရေးပိုင်း အဆက်အသွယ်တွေကြောင့် သူက အာဖရိကကို စိတ်ဝင်စားခဲ့သည်။ သူ့ သူငယ်ချင်းတစ်ယောက်၏ ဖခင်သည် အာဖရိကတိုက်၏ နိုင်ငံသေးသေးလေးတစ်ခု ဖြစ်သော ညာဆာလင်းဒ် (Nyasaland) တွင် အထွေထွေ အုပ်ချုပ်ရေးမှူး ဖြစ်သည်။ ထို့ကြောင့် ထိုနိုင်ငံလေးအကြောင်းကို သူ လေ့လာ ဖတ်ရှုကြည့်သည်။ ဖတ်ကြည့်မိသည့်အခါ သူ ထိုနိုင်ငံလေးသို့ သွားချင်စိတ်ပေါ်လာသည်။ ထိုစဉ်က အာဖရိကတိုက်တွင် အဆင်းရဲဆုံးနိုင်ငံဖြစ်သည့် ထိုနိုင်ငံလေးသည် နောက်တော့ မာလာဝီဟု အမည်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းသွားသည်။ နိုင်ငံတွေကို အမည်ပြောင်းဖို့က နိုင်ငံတွေ၏ အခြေအနေကို ပြုပြင်ပြောင်းလဲဖို့ထက် ပိုလွယ်ကူသည် မဟုတ်လား။ ၃၅နှစ် ကြာပြီးသည့် နောက်မှာလည်း ထိုနိုင်ငံလေးသည် ဟိုစဉ်ကလိုပင် ချွတ်ချုံကျ ဆင်းရဲနေဆဲ။ နောက်ထပ် ၃၅နှစ်ကြာသွားလျှင်လည်း သိပ်တော့ အခြေအနေ ထူးမည်မထင်။ တစ်ခုပဲရှိသည်တဲ့။ သူက 'အဲလို မလုပ်သရွေ့' unless ဟု အခြေအနေတစ်ခုဖြင့် ချွင်းချက် ပေးထားသည်။ ယခုစာအုပ်သည် ထို unless ကို ရှင်းပြလိုခြင်း ဖြစ်ပါသည်တဲ့။

ထိုအစပိုဒ်ကြောင့်ပင် ကျွန်မမှာ မျှော်လင့်ချက် တစ်ခု ရလိုက်သည်။ ကျွန်မတို့မိသားစု ဆင်းရဲနွမ်းပါးခြင်း မှ လွတ်အောင် ထွက်ပေါက်တစ်ခု ရှိနေခဲ့သလိုပင် ကျွန်မတို့လို ဖွံ့ဖြိုးဆဲ ဆင်းရဲသားနိုင်ငံလေးတွေမှာလည်း ထွက်ပေါက် ရှိနေသည်ပေါ့။ ထွက်ပေါက်က ဘာပါလိမ့်။ အဲဒီ ထွက်ပေါက်ကိုသိဖို့ဆိုလျှင် ဆင်းရဲရခြင်းအကြောင်း ရင်းကို ဂယနဏ သိဖို့ လိုမှာပေါ့။ စီးပွားရေးပညာရှင်သည် ဘယ်လိုများ ရှင်းလင်း ပြောပြထားလေမလဲ။

၃၅နှစ်လုံးလုံး မာလာဝီနိုင်ငံလည်း မပြောင်းလဲခဲ့။ ဆင်းရဲနေဆဲ။ စာရေးသူလည်း မပြောင်းလဲခဲ့။ သူက အာဖရိက နိုင်ငံတွေအတွက် ဖွဲ့မလျှော့ဘဲ အလုပ်ကြိုးစားနေဆဲ။ အခုအခါ အောက်စ်ဖို့ဒ်တက္ကသိုလ်တွင် သူအလုပ် လုပ်နေသည်။ ဒီကြားထဲတွင် ဟားဗတ်တက္ကသိုလ်မှာ ပါမောက္ခအဖြစ် လုပ်ခဲ့သည်။ ထို့နောက် ကမ္ဘာ့ဘဏ်တွင် သုတေသနဌာနဦး ညွှန်ကြားရေးမှူး လုပ်ခဲ့သည်။ ထိုစဉ်မှာ ဂျိုးဇက် စတစ်ဂ်လစ်ဇ်နှင့်တွေ့ပြီး အဆင်းရဲဆုံးနိုင်ငံများကို အင်အားဖြည့်ပေးဖို့ အာရုံစူးစိုက် ဖြစ်



သွားသည်။ သူ၏ ပထမဆုံးတာဝန်မှာ ဂျိုးဇက်စတစ်ဂ်လစ်ဇ်နှင့်အတူ အီသီယိုပီးယားနိုင်ငံသို့ သွားရောက်ရန် ဖြစ်သည်။ ယခုစာအုပ်မှာ မာလာဝီနှင့် အီသီယိုပီးယားကဲ့သို့သော နိုင်ငံများ တမ္ဘာ့စီးပွားရေးစနစ်တွင် အောက်ခြေသို့ ရောက်နေရခြင်း အကြောင်းများ ဖြစ်၏။

ထိုနိုင်ငံများထဲတွင် မာလာဝီသည် ဟိုတုန်းကလည်း ချွတ်ချုံကျ ဆင်းရဲခဲ့ပြီး ယခုလည်း ချွတ်ချုံကျ ဆင်းရဲနေဆဲ၊ အခြားသော ဆီယာရာလီယုန်းလို နိုင်ငံမျိုး ကျတော့ ဟိုတုန်းက ဆိုလျှင် တရုတ်၊ အိန္ဒိယလောက်ပင် မဆင်းရဲခဲ့ဘဲ ယခုကျမှ အောက်ဆုံးလွှာသို့ ရောက်သွားရခြင်း ဖြစ်သည်။ ထိုအောက်ခြေနိုင်ငံတို့သည် ဆင်းရဲရုံသာ မဟုတ်၊ တိုးတက် ဖွံ့ဖြိုးဖို့ ကြိုးစားရာမှာလည်း ကျရှုံးခဲ့ကြသည်။ ထို အောက်ခြေနိုင်ငံ အများစုသည် နောက်ကျ ကျန်ရစ်ခဲ့ရုံမက အလဲလဲ အကွဲကွဲ ပြိုပျက်လာခဲ့ကြသည်။

ဘာကြောင့်လဲ။ ဘာအကြောင်းတွေကြောင့်လဲ။

နိုင်ငံတိုင်းလိုလို ဆင်းရဲဖူးသည်။ အများစု နိုင်ငံတို့သည် ထိုဆင်းရဲမှုမှ ပြန်လည် ရုန်းကန် လွတ်ထွက် လာနိုင်ကြသည်။ ဒါဆိုရင် အခု အဆင်းရဲဆုံးနိုင်ငံလေးတွေ ဘာဖြစ်လို့ ဆင်းရဲရာအနေ မတက်လာကြတာလဲ။ အဲဒါက ဆင်းရဲတွင်းဆိုသော ထောင်အတိုင်း တွင်း ထောင်ချောက်ထဲသို့ ကျရောက် ပိတ်မိနေကြသောကြောင့် ဖြစ်သည်။

သူတွေ့ရှိလာရသည့် အကြောင်းရင်းတွေကို စိစစ်ကြည့်လိုက်သော် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများသည် ပြန်တက်ဖို့ခက်ခဲ

www.burmeseclassic.com

www.burmeseclassic.com



လှသောထောင်ချောက်တွေထဲ ကျနေကြသူတွေ ဖြစ်သည်။ ဖွံ့ဖြိုး တိုးတက်မှုကို တားဆီးသည့် ထောင်ချောက် (Development traps) တွေ ရှိသည့်အနက် သူ၏ ယခုစာအုပ်သည် စီးပွားရေး ပညာရှင်များ အာရုံစိုက်မှုနည်းပါးသေးသည့် ထောင်ချောက် (၄)မျိုး အကြောင်းကို အလေးထား ရှင်းပြခြင်း ဖြစ်သည်။

သူ့အလိုအရ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို တားဆီးသည့် ထောင်ချောက် လေးမျိုး ရှိသည်။

(၁) ပြည်တွင်းစစ် ပဋိပက္ခ ထောင်ချောက် (Conflict trap)

(၂) သဘာဝသယံဇာတ ထောင်ချောက် (Natural resource trap)

(၃) ဆိုးဝါးသော အိမ်နီးချင်းနိုင်ငံများကြားတွင် ပိတ်မိနေသည့် ထောင်ချောက် (Land locked with bad neighbors)

(၄) နိုင်ငံငယ်လေးတွင် စီမံအုပ်ချုပ်မှု ညံ့ဖျင်းနေခြင်း ဟူသော ထောင်ချောက် (Bad Governace in small country) တို့ဖြစ်သည်။

ဆင်းရဲလှသောနိုင်ငံလေးများသည် ထိုထောင်ချောက် လေးခုထဲက တစ်ခုမဟုတ် တစ်ခုဖြင့် ပိတ်မိနေသူများ ဖြစ်ကြ သည်။



တချို့က လုံ့လစိုက်ထုတ် ကျားကုတ်ကျားခဲ ကြိုးစား တာ ထောင်ချောက်ကနေလွတ်အောင် ချိုးဖောက် ထွက်၏။ ထို သို့ ထောင်ချောက်မှလွတ်လာလို့ လောကထဲအသစ် 'ဝင်ရောက် လာသူ သစ်လွင်နိုင်ငံလေးတွေထဲမှာပင်လျှင် ယနေ့ခေတ် ရောက် မှ လွတ်လာသူတို့သည် ၁၉၈၀ ပတ်ဝန်းကျင်က လွတ်လာသူ တို့ထက် ကံဆိုး၏။ ၁၉၈၀ ဝန်းကျင်ထက် ပိုပြီး စိမ်းကား ရန်လို သော ကမ္ဘာ့စီးပွားရေး ဈေးကွက်ကြီးကို သူတို့ ထိပ်တိုက် ရင်ဆိုင် လိုက်ကြရသောကြောင့် ဖြစ်သည်။

ထို့ကြောင့် မောရစ်သျှ (Mauritius) နိုင်ငံသည် တိုးတက် ဖွံ့ဖြိုးမှုဆီ တက်ရန် ဒုံးပျံအမြန်ယာဉ်ကို မီလိုက်သည်။ ချက်ချင်းပင် အလယ်အလတ်တန်းစား အဆင့်သို့ ရောက်သွား သည်။ သူ၏အိမ်နီးချင်း မက်ဒါဂက်စ်ကာ (Madagascar) နိုင်ငံ ကတော့ အနှစ်နှစ်ဆယ် နောက်ကျပြီးမှ ထောင်ချောက်လွတ်သူ ဖြစ်ရာ လွတ်တော့လွတ်လာပါရဲ့။ သို့သော် ဒုံးပျံယာဉ်နှင့် လွဲရ သည်။

ထောင်ချောက်မှ မလွတ်သေးသည့် နိုင်ငံတွေ ၅၈ နိုင်ငံ ရှိသည်ဟု သူ့စာရင်းက ပြဆိုသည်။ ထိုနိုင်ငံတို့တွင် ငါးနှစ် အောက်ကလေး သေဆုံးသည့်နှုန်းက ၁၄ ရာခိုင်နှုန်းလောက် အထိ မြင့်နေတတ်သည်။ အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ၄ ရာခိုင်နှုန်းလောက်ပဲ ရှိတတ်သည် တဲ့။ ဖွံ့ဖြိုးဆဲမှာမှ အဆင့် အတန်း ထပ်ခွဲလို့ ရနေသည့် အခြေအနေပေါ့။

တော်ပါသေးရဲ့၊ ကျွန်မတို့နိုင်ငံကတော့ သူပြောသည့် ၅၈ နိုင်ငံထဲ မလွဲမရှောင်သာ ပါဝင်နေပေမဲ့ ၂၀၀၆ ခုနှစ်တုန်းက

www.burmeseclassic.com

www.burmeseclassic.com



ငါးနှစ်အောက်ကလေး သေနှုန်းသည် ကလေး အရှင်မွေး ၁၀၀၀ တွင် ၁၀၆ ယောက်ဟု ဆိုထားတော့ ၁၄ ရာခိုင်နှုန်းထိ ရောက် အောင်တော့ မများခဲ့ပါ။ သို့သော် အိမ်နီးချင်း ထိုင်းနိုင်ငံမှာ ငါးနှစ် အောက်ကလေး သေနှုန်းက ၂.၁ ရာနှုန်းပဲ ရှိသည်။ ကျွန်မတို့ ကလေးတွေ သူတို့နိုင်ငံနှင့်စာလျှင် တော်တော်ကို အသေများ နေတာပါ။

ကျွန်မတို့သည် သူပြောသလို ထောင်ချောက် ပိတ်မိနေ သူတွေဆိုလျှင် ကျွန်မတို့ ပိတ်မိနေသည့် ထောင်ချောက်သည် ဘာအမျိုးအစားလဲ။ သူပြောသည့် ထောင်ချောက်လေးမျိုးထဲ တွင် ကျွန်မတို့က ဘယ်ထောင်ချောက်လဲ။

ထလော့မြန်မာ အိုမြန်မာတို့
တို့ရွာတို့မြေ တို့ယာမြေဝယ်
စေတီစပါး များလည်းများ၏
များပါလေလည်း တမွဲမွဲနှင့်
ဆင်းရဲကာသာ ကာလကြာလျှင်
မြင်သာမြင်ရ မစားရ၍
တောကပြိတ္တာဖြစ်မည်တည်း။

ဆရာကြီးဇော်ဂျီကတော့ ကျွန်မတို့ကို ဘယ်ထောင် ချောက် စာရင်းတွင် သွင်းခဲ့လေသလဲ။ အိပ်မနေနဲ့ ထတော့ ဟု နှိုးဆော်ထားတာမို့ ပျင်းရိခြင်း ထောင်ချောက်လား။ ကျွန်မတို့ သည် အေးအေးဆေးဆေး နေချင်သည်ဟု ရောင့်ရဲ တင်းတိမ်



တတ်သူတွေ ဖြစ်ခဲ့တာတော့ မှန်၏။ ထိုမှ ပျင်းရိခြင်းအဆင့်ထိ လျှောကျသွားစေဖို့တော့ မကောင်းပေ။

ချမ်းသည်၊ ပူသည်၊ မိုးချုပ်သည်နှင့် စောသည်၊ ဆာ သည်၊ ပြည့်အင့်သည်၊ ခြောက်မည် ပျင်းရိကြောင်း ဆိုသော သံပေါက် ဆုံးမစာတစ်ခုကို ကျွန်မတို့ ကလေးဘဝတွင် သင်ခဲ့ရ သည်။ ချမ်းသေးသည်၊ ပူသေးသည်၊ မိုးချုပ်သွားလို့ နောက်မှ လုပ်တော့မယ်၊ စောသေးလို့ နောက်မှ လုပ်မယ်၊ ဆာသေးလို့ မလုပ်ပါရစေနဲ့ဦး။ ဗိုက် ပြည့်နေသေးလို့ မလုပ်သေးဘူး။ ရက်ရွှေ့၊ လရွှေ့၊ နှစ်ရွှေ့။ အဲဒီ ပျင်းရိခြင်းထောင်ချောက် ဖြစ်ခဲ့မလား။

ဆရာ ဇော်ဂျီ ရေးခဲ့စဉ်က ၁၉၃၅ခုနှစ် အခြေအနေ၊ အင်္ဂလိပ်လက်အောက် အခြေအနေ။ အဲဒီတုန်းက ကျွန်မတို့ နိုင်ငံမှာ ပြည်တွင်းစစ် ဖြစ်နေပြီလား။ မဖြစ်သေးဘူး။ ပြည်တွင်း စစ်က လွတ်လပ်ရေးရပြီးမှ ထင်ထင် ရှားရှား ပေါ်ပေါက်လာခဲ့ တာမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

## (၁) ပြည်တွင်းစစ်ပဋိပက္ခ ထောင်ချောက်
## (Conflict Trap)

လူမှုအဖွဲ့အစည်းတိုင်းသည် ပဋိပက္ခနှင့် ကြုံတွေ့ဖူးသူတွေချည်း ဖြစ်သည်။ ဒါက နိုင်ငံရေးမှာ ဖြစ်တတ်သော မွေးရာပါကိစ္စ ဖြစ်သည်။ အောက်ခြေနိုင်ငံတွေမှာ ကြုံတွေ့ရသည့် ပြဿနာက နိုင်ငံရေးပဋိပက္ခ သက်သက်မဟုတ်။ နိုင်ငံရေးပဋိပက္ခ၏ ပုံသဏ္ဌာန်ဖြစ်သည်။ ပဋိပက္ခပုံစံက နှစ်မျိုး။ တချို့က နှစ်ရှည်လများ တအုံနွေးနွေး ပြည်တွင်းစစ်ပဋိပက္ခ ဖြစ်နေသည်။ တချို့က အာဏာသိမ်းခြင်းဖြင့် ပဋိပက္ခဖြစ်သည်။ ထိုနှစ်မျိုး လုံးသည် စရိတ်စက အလွန်ကြီး၏။ ထို့ပြင် ထပ်ကာထပ်ကာ ပြန်ဖြစ်တတ်၏။ ထို ပဋိပက္ခတို့သည် နိုင်ငံအား ဆင်းရဲတွင်းထဲသို့ ဆွဲချတတ်၏။

ပြည်တွင်းစစ် ဘာကြောင့် ဖြစ်ကြရသလဲ ဟူသည့် အကြောင်းရင်းတွေ ရှာကြည့်သည့်အခါ ပုံကန်သည့် လှုပ်ရှားမှုတိုင်းတွင် မကျေနပ်မှုကို အကြောင်းပြချက်တွေဖြင့် ဆောင်ရွက်မြ



ဖြစ်ကြသည်။ ဖိနှိပ်ချုပ်ချယ်လို့၊ အမြတ်ထုတ် ခေါင်းပုံဖြတ်ခံရလို့၊ အတူတူ မပါဝင်စေဘဲ ဖယ်ကျဉ်ခံရလို့ စသည်ဖြင့် ကောက်ချက်တွေ ဆွဲခဲ့ကြသည်။

ပြည်တွင်းပဋိပက္ခတစ်ခုကို ပြည်တွင်းစစ်ဟု နာမည် တပ်ဖို့ အမေရိကန်ပြည်ထောင်စု မီချီကန်တက္ကသိုလ်က သတ်မှတ်ထားသည့်အချက်မှာ သေဆုံးသူ အရေအတွက်ဖြင့် အခြေခံစဉ်းစားသည်။ လက်နက်ကိုင် ရင်ဆိုင် တိုက်ပွဲများတွင် သေဆုံးသူဦးရေ ၁၀၀၀ ထက် ပိုလျှင်၊ ထိုသေဆုံးသူတွေထဲမှာ သူ့ဘက်ကိုယ့်ဘက် အနည်းဆုံး ၅ ရာခိုင်နှုန်းလောက်ထိ ပါဝင်နေလျှင် ထိုပဋိပက္ခကို ပြည်တွင်းစစ်ဟုခေါ်ကြသည်။ ထိုတက္ကသိုလ်သည် ကမ္ဘာအရပ်ရပ်က ဖြစ်ပေါ်ခဲ့၊ ဖြစ်ပေါ်နေသော ပြည်တွင်းစစ်များ၏စာရင်းကို ပြုစုရာတွင် ထိပ်ဆုံးက ဦးဆောင်နေသူ ဖြစ်သည်။

စာရေးသူတို့က ထိုစာရင်းတွင်ပါသည့် နိုင်ငံများ၏ အခြားလူမှုစီးပွားရေးဆိုင်ရာ အချက်အလက်တို့ကို တစ်နိုင်ငံချင်း၊ နှစ်အလိုက် ရှာဖွေ တိုက်ဆိုင် ကြည့်ပြီး ဘယ်အချက်တွေက ထိုနိုင်ငံကို ပြည်တွင်းစစ်သို့ တွန်းပို့နေသလဲဟု သုတေသန လုပ်ကြည့်ကြသည်။ နောက် ငါးနှစ်အတွင်း ဒီနိုင်ငံမှာ ပြည်တွင်းစစ်ဖြစ်လာစရာ အခြေအနေ ရှိမရှိ စသည်ဖြင့် ရှာဖွေလေ့လာကြသည်။

ပထမဆုံးတော့ ပြည်တွင်းစစ်ဖြစ်နိုင်ခြေ အန္တရာယ်နှင့် ဝင်ငွေအကြားက ဆက်စပ်မှုကို တွေ့ရသည်။ ဝင်ငွေနည်းပါးခြင်း ကြောင့် ပြည်တွင်းစစ်ပဋိပက္ခ ဖြစ်လာနိုင်သလို ပြည်တွင်းစစ်ပဋိပက္ခကြောင့်လည်း ဝင်ငွေ နည်းပါး ဆင်းရဲတာ ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချက်က ပြည်တွင်းစစ်သည် ဖွံ့ဖြိုးမှု မရှိ ရပ်တန့်နေသော၊ သို့မဟုတ် ဆုတ်ယုတ်နေသော အခြေအနေနှင့် ဆက်နွှယ်နေသည်။ ဝင်ငွေနည်းပါးပြီး ဖွံ့ဖြိုးမှုမရှိ ရပ်တန့် သို့မဟုတ် ဆုတ်ယုတ်နေသော နိုင်ငံတစ်ခုမှာ ဘာဖြစ်လို့ ပြည်တွင်းစစ် ဖြစ်လာသလဲ။

ဝင်ငွေနည်းပါးခြင်းဆိုသည်မှာ ရှင်းရှင်းပြောရလျှင်တော့ ဆင်းရဲခြင်းပဲ။ ဖွံ့ဖြိုးမှု ရပ်တန့် သို့မဟုတ် ဆုတ်ယုတ်နေခြင်းဆိုသည်မှာ မျှော်လင့်ချက်ကင်းမဲ့မှုပဲ။ မျှော်လင့်ချက်ကင်းမဲ့မှုနှင့် ဆင်းရဲခြင်းတို့ ပေါင်းစပ်လိုက်သည့်အခါ ပြည်သူတချို့ကို ပုန်ကန်သူတွေဖက်သို့ ပါအောင် ဆွဲခေါ်ဖို့ အလွန်လွယ်ကူသွားသည်။ ထိုအခြေအနေမျိုးတွင် လူ့အသက်သည် ဈေးပေါ၏။ မျှော်လင့်ချက် ပျက်သုဉ်းပြီး ဆင်းရဲနေသော လူငယ်တို့သည် ပုန်ကန်သူကို လက်တွဲလျှင် အသင့်အတင့် ငွေကြေးကြွယ်ဝ နိုင်မည်ဖြစ်သည်။

အာဖရိက၏ ဇဲ (Zaire)နိုင်ငံမှ ပုန်ကန်သူ ခေါင်းဆောင် ကက်ဘီလာ (Kabila) က အာဏာသိမ်းဖို့ ချီတက်နေစဉ် သတင်းသမားတစ်ယောက်အား ပြောခဲ့သည့် စကားတစ်ခွန်း ရှိသည်။

'ဇဲနိုင်ငံမှာ တော်လှန်ပုန်ကန်ဖို့ အလွန်လွယ်ပါတယ်။ ခင်ဗျားမှာလိုအပ်သမျှက ဒေါ်လာတစ်သောင်း ပါပဲ။ အဲ နောက်ပြီးတော့ ဆက်တယ်လိုက် ဖြိုဟ်တုဖုန်း တစ်လုံးပေါ့' တဲ့။

ဇဲနိုင်ငံမှာ လူတိုင်းလူတိုင်းက အလွန်ဆင်းရဲကြသဖြင့် မြန်မာငွေ သိန်းတစ်ရာလောက်ရှိလျှင် တပ်စုလေးတစ်စု ဖြစ်အောင် လူကို ဝယ်ယူလို့ရသည်။



ဆက်တယ်လိုက် ဂြိုဟ်တုဖုန်းက ဘာအတွက်လဲ။ ဤမေးခွန်းသည် ပေါလ်ကိုလီယာပြောမည့် ပြည်တွင်းစစ်အတွက် ဒုတိယအကြောင်းရင်းဆီသို့ ဦးတည်နေသည်။ ထိုအကြောင်းရင်းမှာ သဘာဝ သယံဇာတ ဖြစ်၏။

ရေနံ၊ စိန် စသည့်သဘာဝသယံဇာတတွေ အပေါ် မှီခိုအားထားနေလျှင် ပြည်တွင်းစစ်ဖြစ်ဖို့ ပိုပြီး အန္တရာယ် နီးကပ်သည်။ ဘာကြောင့်လဲ။

သူပုန်ခေါင်းဆောင် ကက်ဘီလာသည် ထိုသို့ ချီတက်ရင်းပင် သဘာဝသယံဇာတ ထုတ်ယူသည့် ကုမ္ပဏီတို့နှင့် ဆက်သွယ်ပြီး ငွေကြေး ဒေါ်လာသန်းငါးရာတန်သည့် အပေးအယူတစ်ခုကို အချိန်တိုတိုအတွင်း စီစဉ်ခဲ့နိုင်ပြီဖြစ်သည်။ သဘာဝသယံဇာတကို ထုတ်ယူဖို့ အပြည် ပြည်ဆိုင်ရာ ကုမ္ပဏီများသည် သူပုန်များကို ကြိုတင်ငွေတွေ ပေးပြီး ပုန်ကန်သူအနိုင်ရသွားလျှင် ရလာမည့် လုပ်ပိုင်ခွင့်တွေကို ကြိုတင်ဝယ်ယူနေခဲ့ကြတာ ဥပမာတွေ အများကြီးရှိသည် ဟု ဆိုပါသည်။ အခုလက်ရှိ ကွန်ဂိုနိုင်ငံ၏ခေါင်းဆောင် အာဏာရလာသည်မှာ အဲဒီဖြစ်စဉ် အတိုင်းပါပဲတဲ့၏။

ထို့ကြောင့် သဘာဝသယံဇာတသည် ပြည်တွင်းပဋိပက္ခကို ထောက်ပံ့ကူညီပေးပြီး တချို့သော အဖြစ်တို့တွင် ပြည်တွင်းပဋိပက္ခဖြစ်ဖို့ လှုံ့ဆော်ပေးတာမျိုးပင် ရှိတတ်သည်။

သည်တော့ ဝင်ငွေနည်းပါးဆင်းရဲခြင်း၊ ဖွံ့ဖြိုး တိုးတက်မှုမရှိ ရပ်တန့် သို့မဟုတ် ဆုတ်ယုတ်ခြင်းတို့အပြင် သဘာဝ

www.burmeseclassic.com

www.burmeseclassic.com



သယံဇာတကို မှီခိုနေရခြင်း စသည့် အချက်တွေက ပြည်တွင်းစစ်ကို ဖြစ်စေရောတဲ့လား။

ကျွန်မတို့ သမိုင်းသင်ရစဉ် စစ်ဖြစ်ဖို့ လတ်တလောအကြောင်းရင်းနှင့် တအုံနွေးနွေး စုလာခဲ့ပြီးသည့် အမြစ်အကြောင်းရင်းဟု နှစ်မျိုးရှိတာပဲ။

သူ တက်ခဲ့ရသည့် ပြည်တွင်းစစ်နှင့် ဆက်စပ်သည့် ညီလာခံတို့မှ အတွေ့အကြုံအရ အဓိက ဆွေးနွေးသူတို့သည် သူတို့စိတ်ကြိုက် ဘက်လိုက် ယိမ်းယိုင်နေသောအချက်တို့ကို ဦးစားပေး ဆွဲယူ ထောက်ပြ မှန်းဆ ယူကြသည်ဟု ပေါလ် ကိုလီယာက ပြောပါသည်။ ဥပမာ အဓိက ဆွေးနွေးသူတစ်ယောက်က ဝင်ငွေမညီမျှမှု ကြောင့်ဟု ကောက်ချက်ဆွဲမည်။ တစ်ယောက်က နိုင်ငံရေး လွတ်လပ်ခွင့် Political right ဆိုတာကို ဆွဲယူ ကောက်ချက်ချပြီး သူပုန်တွေကပဲ ဒီမိုကရေစီကို ဦးဆောင်နေသူတွေဖြစ်သလိုလို ပြောကြမည်။

နိုင်ငံတစ်ခုမှာ ဖိနှိပ်ခံရလို့ နိုင်ငံကို စွန့်ခွာလာခဲ့သည့် ဘိုးဘွားတွေ၏မြေးမြစ်တို့သည် မစွန့်ခွာနိုင်ဘဲ ကျန်ရစ်နေသူတို့မှာ ယခုထိ ဖိနှိပ်ခံနေရဆဲဟု အစွဲအလမ်း ရှိမည်။ ထိုအခါ သူတို့ အမြင်တွင် ပုန်ကန်ရခြင်းမှာ ဖိနှိပ်ခံရလို့ဟု ကောက်ချက်ချမိမည်။ ဘာပဲဖြစ်ဖြစ် ပုန်ကန်သူတွေအတွက် လိုအပ်သည့် ငွေကြေးအင်အားကို သယံဇာတကနေ ရသလို ပြည်ပသို့ ရောက်နေသည့် ကိုယ့်လူမျိုး အချင်းချင်းလည်း ကျန်ရစ်နေသည့် ပုန်ကန်သူတို့ကို အထောက်အပံ့ပေးတာတွေ ရှိသည်။ ဥပမာ အိုင်းရစ်မြို့တော်လွှန်ရေးအတွက် အမေရိကန်ရောက် အိုင်ယာလန် နိုင်ငံ



သားတို့က ငွေကြေးထောက်ပံ့ပေးတာမျိုး၊ တမီးလ် တိုက်ဂါးသူပုန်တို့သည် ကနေဒါနိုင်ငံမှာ နေထိုင်သည့် တမီးလ်တို့ထံမှ ထောက်ပံ့ငွေ ရတာမျိုး ရှိသည်။

၁၉၉၆ ခုနှစ်မှာ သီရိလင်္ကာနိုင်ငံ ကိုလံဘို မြို့တော်မှာဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုကြောင့် လူ၁၄၀၀ ခန့် ဒဏ်ရာရသူရသေသူသေ ဖြစ်ခဲ့ရသည့် အဖြစ်အပျက်တွင် အရင်း စစ်လိုက်သောအခါ တမီးလ်တိုက်ဂါး သူပုန်တွေကို ကနေဒါဘဏ် ငွေစာရင်းမှ ထောက်ပံ့ပေးကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

နောက်အကြောင်းရင်းတစ်ခုကို ရှာဖွေကြည့်မည် ဆို လျှင် ပြည်တွင်းစစ် ပဋိပက္ခတိုင်းသည် တိုင်းရင်းသား လူမျိုးစု တို့ကြားအခြေအနေတင်းမာမှုမှ ဖြစ်ပေါ်သည် ဆိုသည့် မှန်းဆချက်တစ်ခုဆီသို့ ရောက်လိမ့်မည်။

ပြောရမည်ဆိုလျှင် အများစုသော လူမှုအဖွဲ့အစည်းတို့တွင် တိုင်းရင်းသားတွေ ကွဲပြားနေစေကာမူ ငြိမ်းချမ်းစွာ အဆင်ပြေနေကြသည်။ ဖြစ်နိုင်ခြေရှိသည်မှာ တိုင်းရင်းသားလူမျိုးစုအချင်းချင်းတွင် ပိုပြီး ဦးရေများသော၊ ပိုပြီးအင်အား တောင့်သောလူမျိုးစုတစ်စုက လွှမ်းမိုး ဆုံးဖြတ်လျှင် ပြည်တွင်းစစ် ဖြစ်နိုင်ခြေပိုများဖွယ် ရှိသည်။ ရဝမ်ဒါ (Rwanda)နှင့် ဘူရွန်ဒီ (Burundi) နိုင်ငံများတွင် ထိုအချက်ကို မြင်တွေ့နိုင်သည်။ ဟူတူ (Hutu) လူမျိုးများ နှင့် တုစီ (Tutsi) လူမျိုးများအကြား အင်အားကြီးသူတအင်အားနည်းသူကို ဖိနှိပ် သတ်ဖြတ် မျိုးဖြုတ်သုတ်သင်မှုမျိုး၊ အီရတ်နိုင်ငံမှာ ဖြစ်နေသော ဆွန်နီ၊ ရှီဟိုက်နှင့် ကာဒ့်တို့သည်လည်း ထိုအန္တရာယ် ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လူမျိုးစုတို့အကြားတွင် တစ်စုက အင်အားသိပ်များပြီး ကျန်အစုက သိပ် အင်အားနည်းနေတာမျိုး မမျှတသည့်အခြေအနေကို ယခု အောက်ခြေသန်းတစ်ထောင် နေထိုင်ရာ နိုင်ငံတို့တွင် ပြောပလောက်အောင် ထင်ရှားနေခြင်း မရှိ။ ထို နိုင်ငံ တော်တော် များများတွင် လူမျိုးစုတွေသည် တစ်စုနှင့်တစ်စု သူမသာ ကိုယ်မသာ အခြေအနေတွင် ရှိကြတာ များသည်ဟု သူက ကောက်ချက်ချသည်။ တစ်ခါတလေ ရှိချင်ရှိမည်။ မမျှတလို့၊ အခွင့်အရေး မတူညီလို့ တစ်စုနှင့်တစ်စု ပူညံပူညံစွပ်စွဲ ပြောဆို ဝေဖန်သံတွေ ရှိကောင်းရှိမည်။ သို့သော် အဲသည်လို လူမျိုးစုကြား အချင်းချင်း မနှစ်သက်ကြသည့် အခြေအနေမှ ပြည်တွင်းစစ် ပဋိပက္ခ အခြေအနေထိ ဖြစ်လာဖို့ ဆိုတာ ကြားမှာ ကွာဟချက် အကြီးကြီးပါ တဲ့။

နောက်တစ်ခု ပြည်တွင်းစစ်ကို ဖြစ်ပေါ်စေနိုင်တာက နိုင်ငံ၏ပထဝီဝင်အနေအထား ဖြစ်သည်။

ကျယ်ပြန့်လွင်ပြင်တစ်ခုတွင် လူဦးရေ အစုလိုက် အစုလိုက် ပြန့်ကျဲ နေထိုင်ကြသော နိုင်ငံတစ်ခုနှင့် တောင်တန်းတွေ လျှိုမြောင်တွေ ဘေးပတ်လည်ဝိုင်းရံနေသည့် နိုင်ငံတစ်ခုကြား ပြည်တွင်းစစ် ဖြစ်ပေါ်ဖို့ အခြေခံချင်း ကွာခြားလိမ့်မည်။ မြေညီလွင်ပြင်မှာ ဟိုတစ်စု သည်တစ်စု ပြန့်ကျဲနေထိုင်သော နိုင်ငံတွင် မကျေနပ်ချက်တွေ ရှိလျှင်တောင် ပြည်တွင်းစစ် ပဋိပက္ခအထိ ဖြစ်ဖို့မလွယ်။ တောင်ကြို တောင်ကြား၊ ပုန်ကန်သူတွေ ပုန်းအောင်း ခိုတွယ်စရာနေရာတွေ ပေါများသည့် နိုင်ငံတွင်



ပဋိပက္ခသည် ပြည်တွင်းစစ်ဆီသို့ တွန်းပို့ရန် အခွင့်သာပေလိမ့်မည်။

ပြည်တွင်းစစ်တွေ ဘာကြောင့် ကာလရှည်လျားစွာ ဖြစ်ပွားနေတာလဲ။

ပြည်တွင်းစစ်ပဋိပက္ခဖြစ်ဖို့ အကြောင်းရင်းတွေတော့ အများအပြား ရှာတွေ့ပြီ။ ပြည်တွင်းစစ်တစ်ခု ဖြစ်ပွားပြီးပြီ ဆိုလျှင် ဘာ ဆက်ဖြစ်မလဲ။ အရေးကြီးဆုံး မေးခွန်းမှာ ထိုစစ်ကို ဘယ်အရာက ရပ်တန့်သွားစေမှာလဲ ဟူသည့်မေးခွန်း ဖြစ်သည်။

ထိုအချက်ကို ခန့်မှန်းရှာဖွေရတာ မလွယ်ကူလှပါ။ ပြည်တွင်းစစ်တို့သည် ခဏ ရပ်နားလိုက်ပြီး မကြာခင် ပြန်ဖြစ်လာတတ်သည်။ အချိန်ဘယ်လောက်ကြာမလဲ ဟူသော မေးခွန်းမှာ ပြည်တွင်းစစ်အစတွင် တည်ရှိခဲ့သည့် ဝင်ငွေနည်းပါး ဆင်းရဲမှုအတိုင်းအတာပေါ်တွင် မူတည်သည် ဟု ပေါလ်ကိုလီယာက ပြောသည်။ ပြည်တွင်းစစ် ပဋိပက္ခအစတွင် ဆင်းရဲခြင်း ပိုများလျှင် ထိုစစ်သည် ပိုပြီး ကာလကြာရှည်မည် ဖြစ်သည်။

ထို့ပြင် ထိုနိုင်ငံ၏ ပြည်ပပို့ကုန်ဝင်ငွေက တန်ဖိုးကြီး လျှင် ပြည်တွင်းစစ်ကို အလွယ်တကူ ထောက်ပံ့နိုင်လိမ့်မည်။ ထိုအချက်ကြောင့် ပြည်တွင်းစစ်ကာလ ပိုကြာမည်။

သဘာဝသယံဇာတနှင့်ဆိုင်သည့် ပြည်တွင်း စစ်ပွဲကို အင်ဂိုလာ (Angola)နိုင်ငံတွင် တွေ့ရသည်။ လက်ရှိ အာဏာရ အစိုးရဘက်က ရေနံကို ပိုင်ဆိုင်ထားပြီး အတိုက်အခံ သူပုန်ဘက်က စိန်ကို ပိုင်ဆိုင်ထားသည်။ ထို့ကြောင့် ပြည်တွင်းစစ်

www.burmeseclassic.com

www.burmeseclassic.com



၏အခြေအနေသည် စိန်စျေးနှုန်းနှင့် လိုက်နေသော ရေနံစျေးနှုန်းပေါ်မှာ မူတည်နေသည်။

ယေဘုယျအားဖြင့် နိုင်ငံအချင်းချင်း ဖြစ်သည့် အပြည်ပြည်ဆိုင်ရာစစ်သည် ခြောက်လကြာမြင့်သည်။ ထို ခြောက်လအတွင်းမှာ ထိုနိုင်ငံတို့သည် အပျက်စီးအဆုံးရှုံး တော်တော်များသည်ဆိုပါစို့။ ပြည်တွင်းစစ်တစ်ခုသည် ထို စစ်ပွဲထက် ဆယ်ဆလောက် ကြာမြင့်တတ်သည်။ ပို ဆင်းရဲခြင်းဖြင့် စခဲ့သည့် စစ်ဆိုလျှင် ပိုပြီးတောင် ကြာမြင့်လိမ့်မည်။ နောက်ဆုံးမှာ တိုက်ပွဲတွေက ပုံမှန်လို ဖြစ်သွားလျှင် အဲသည်အခါကျလျှင်တော့ စစ်ပြီးဆုံးဖို့ ပိုပြီး ကြာမြင့်ချေတော့မည်။

သူ့စာအုပ်ထဲမှာ အဓိကထားပြီး ဆွေးနွေးသည့် ပြည်တွင်းစစ် ထောင်ချောက်အကြောင်းမှာ စိတ်ဝင်စားဖို့ ကောင်းသည်။ နှစ်ပေါင်းများစွာ ကွင်းဆင်းသုတေသန လုပ်ပြီး တွေ့လာသော အချက်အလက်များကို ဖော်ပြထားသည့် သူ့ တင်ပြချက်သည် ယုံကြည်ထိုက်ဖွယ် အနေအထားလည်း ရှိသည်။

ပြည်တွင်းစစ်နှင့် သဘာဝသယံဇာတ ဆက်စပ်မှုကို ဆွေးနွေးထားရာတွင် သူသုံးသည့် စကားတစ်ခွန်း ရှိ၏။

စိန်သည် တော်လှန်ပုန်ကန်သူ၏ မိတ်ဆွေကောင်း ဖြစ်သည်။ Diamonds are a guerrilla's best friend. ဟူသော စကားဖြစ်သည်။

သူ့စာအုပ်၏ နောက်ထပ် အဓိကဆွေးနွေးမှုမှာ စီးပွားရေးပညာရှင်တို့က သယံဇာတကျိန်စာ natural resource curse ဟုခေါ်သော သဘာဝသယံဇာတနှင့် ပတ်သက်နေပါသည်။

## (၂) သယံဇာတထောင်ချောက်
## (Natural Resource Trap)

သဘာဝ သယံဇာတ ကျိန်စာ (Natural resource Curse) ကို လွန်ခဲ့သည့် နှစ်သုံးဆယ်လောက်ကတည်းက စီးပွားရေးပညာရှင်တို့က ဒတ်ချ်ရောဂါ ဟု ခေါ်ဝေါ်ပြီး ရှင်းပြ ဆွေးနွေးခဲ့ကြသည်။

ဒတ်ချ်နိုင်ငံတွင် မြောက်ပင်လယ်မှ သဘာဝ ဓာတ်ငွေ့ ထုတ်ယူရရှိပြီးချိန်နောက်ပိုင်းတွင် ဒတ်ချ်ရောဂါ ဟူသော စကားလုံးကို သုံးဖြစ်ခဲ့ခြင်း ဖြစ်သည်။ ဓာတ်ငွေ့မှ ရသည့် ဝင်ငွေသည် အခြားစီးပွားရေးလုပ်ငန်းတွေမှ ရသည့်ငွေထက် တန်ဖိုး ပိုကြီးခဲ့သည်။ ထိုအခါ နိုင်ငံ၏ အခြားသော စီးပွားရေးတို့ကို နောက်ကျကျန်ပြီး အဆင့်နိမ့်စေခဲ့သည်။ ထို အဆင့်နိမ့်သွားသော အခြားစီးပွားရေးဆောင်ရွက်မှုများကမှ နိုင်ငံ၏ နည်းပညာ တိုးတက်မှုကို ဖြစ်စေနိုင်သည့် အဓိကသော့ချက်များ ဖြစ်နေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သဘာဝ သယံဇာတ ချရောင်းစရာလည်း မရှိ၊ ပြင်ပ အကူအညီအထောက်အပံ့လည်း မရသော နိုင်ငံတစ်ခုကို စဉ်းစားကြည့်ပါ။ ထိုနိုင်ငံသားတွေက နိုင်ငံခြားပစ္စည်းကို ဝယ်ယူ တင်သွင်းလိုသည်ဆိုလျှင် ငွေပေးဖို့အတွက် သူတို့ လုပ်စရာက နိုင်ငံခြားသို့ ကုန်ပို့ဖို့ပဲ ဖြစ်သည်။

ပြည်ပပို့ ထုတ်ကုန်သမားတွေက နိုင်ငံခြားငွေ လည်ပတ်သည်။ သွင်းကုန်သမားတွေက ထိုနိုင်ငံခြားငွေကို သုံးပြီး ပစ္စည်းဝယ်ရသည်။ ထိုငွေသည် ပြည်ပပို့ကုန် ပစ္စည်းဖြစ်အောင် တန်ဖိုးရှိအောင် ထုတ်လုပ်ပေးသည့် ပြည်သူလူထုဆီသို့ သွားရမည်။

သို့သော် သဘာဝသယံဇာတ တင်ပို့ရောင်းချမှု ဖြစ်လာသောအခါ သယံဇာတသည် ပြည်သူလူထု အတွက် နိုင်ငံခြားငွေ အရင်းအနှီး ဖြစ်လာသည်။ ပြည်ပ တင်ပို့ကုန်သည် ပြည်တွင်းမှာ တန်ဖိုး ဆုံးရှုံးရသည်။ တစ်နည်းပြောရလျှင် နိုင်ငံတကာကို တင်ပို့လို့ မရသည့် ကျန်ပြည်တွင်းထုတ်ကုန်များ၊ ဥပမာ ဒေသတွင်း အကျိုးဆောင် လုပ်ငန်းများ၊ အစားအစာများ ဈေးကြီးလာသည်။

နိုင်ဂျီးရီးယားနိုင်ငံ၏ ၁၉၇၀ခုနှစ်က အဖြစ်များကို စာရေးသူက ထောက်ပြဆွေးနွေးထားပါသည်။ နိုင်ဂျီး ရီးယားနိုင်ငံမှာ ရေနံဝင်ငွေက အမြောက်အမြား ဖြစ်လာသည့်အခါ အခြားသော ပြည်ပပို့ကုန်များဖြစ်သည့် မြေပဲနှင့်ကိုကိုး ထုတ်လုပ်မှုသည် လျှင်မြန်စွာ ပြိုကွဲ ပျက်စီးသွားခဲ့သည်။ စိုက်ပျိုးရေး



လုပ်ငန်းတွေ ဆုံးရှုံးသည့်အခါ ထိုသီးနှံများကို စိုက်ပျိုးပေးသည့် လယ်သမားတွေ ထိခိုက် နစ်နာရသည်။ သို့သော် ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်က ဒါကြောင့် ရပ်တန့်တာတော့ ဟုတ်ချင်မှ ဟုတ်မည်။ မိရိုးဖလာ စိုက်ပျိုးရေး စီးပွားလုပ်ငန်းက နည်းပညာတွေနှင့် အခွင့်အရေးတွေနှင့် အကြီးအကျယ် လည်ပတ်လှုပ်ရှားနေခဲ့တာမျိုး မဟုတ်။ သို့သော် ဒတ်ချ်ရောဂါသည် ထိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီး နှောင့်ယှက်တာတော့ အမှန်ပဲ ဖြစ်သည်။ ပြည်ပပို့ သယံဇာတတွေ အများအပြား ထုတ်လိုက်သည့်အခါ ပြည်တွင်းက အခြားသော တိုးတက် ဖွံ့ဖြိုးမှု ဖြစ်နိုင်ခြေတွေကို ဖယ်ရှား ဖျက်ဆီးပစ်လိုက်သောကြောင့် ဖြစ်သည်။ လုပ်အားကို အခြေခံထား သုံးရသည့် ထုတ်လုပ်မှုများနှင့် အကျိုးဆောင်လုပ်ငန်းများ၊ ဥပမာ တရုတ်နှင့် အိန္ဒိယက ကျွမ်းကျင်လုပ်သားတွေနှင့် ထုတ်လုပ်မှုမျိုးကို ဆုံးရှုံးရသည်။

သယံဇာတတွေ အလျှံပယ် ပေါကြွယ်သော ဝင်ငွေ နည်းနိုင်ငံတစ်ခုသည် ထိုဈေးကွက်မျိုးကို ထိုးဖောက် ဝင်ရောက်ဖို့ တော်တော် ခက်ခဲလိမ့်မည်။ အကြောင်းမှာ နိုင်ငံက ရောင်းချတင်ပို့လို့ရသည့် နိုင်ငံခြားဝင်ငွေသည် ပြည်တွင်းက ပြည်သူလူထု အတွင်းမှာ လုံလောက်သော တန်ဖိုးကို မရရှိခြင်းကြောင့် ဖြစ်သည်။

သဘာဝသယံဇာတဖြင့် ရရှိသောငွေကြေးများကို နိုင်ငံတစ်ခုချင်း တစ်နှစ်ချင်း သူတို့လေ့လာ ခန့်မှန်း ကြည့်သည်။ ရေနံရောင်းချလို့ရသည့် ဝင်ငွေ ဒေါ်လာ တစ်သန်းသည် ဆော်ဒီ

www.burmeseclassic.com



စိုက်ပျိုး ထုတ်လုပ် ရောင်းချလို့ရသည့်ဝင်ငွေ ဒေါ်လာ တစ်သန်းထက် ပိုပြီး အမြတ်အစွန်း ရှိသည်။ အကြောင်းမှာ ထုတ်လုပ်စရိတ် များစွာ သက်သာသောကြောင့် ဖြစ်သည်။ ဝင်ငွေ ကိန်းဂဏန်းကို စိတ်ဝင်တစားသိချင်လို့ တွက်ချက်ကြည့်ရာက တွေ့ရမည့်ထိုဝင်ငွေသည် သဘာဝသယံဇာတ၏ တကယ့်တန်ဖိုး အစစ်အမှန်ကို သုံးသပ်လို့ရသည့် ဝင်ငွေမဟုတ်သဖြင့် မှားယွင်းစွာစိတ်သက်သာစေလိမ့်မည်။ ရေနံ၏ဝင်ငွေချင်း အတူတူပင်လျှင် လွယ်လွယ်ကူကူ မြေပေါ်ရေနံတူးလို့ရသည့် ဝင်ငွေနှင့် ခက်ခက်ခဲခဲ နက်နက်ရှိုင်းရှိုင်း ကမ်းလွန် ရေနံတူးလို့ရသည့် ဝင်ငွေတန်ဖိုးချင်းမတူ။ ရေနံရောင်းရငွေမှာလည်း တစ်ပီပါလျှင် ဒေါ်လာ ၆၀ရသည့် ဝင်ငွေ တစ်သန်းနှင့် တစ်ပီပါလျှင် ၁၀ ဒေါ်လာရသည့် ဝင်ငွေ တစ်သန်း တကယ့်တန်ဖိုးချင်း မတူ။

သဘာဝသယံဇာတ အမြတ်ထုတ်မှု မရှိသည့် နိုင်ငံတွင် ဒီမိုကရေစီအခွင့်အရေးက အော်တိုကရေစီ ဖြစ်နိုင်ခြေထက် ပိုများသည်။ သယံဇာတအမြတ်ထုတ်ခွင့် ရနေသည့် နိုင်ငံတွင် ရလဒ်က ပြောင်းပြန်ဖြစ်သွားသည်။ အော်တိုကရေစီသည် ဒီမိုကရေစီကို အနိုင်ရသွားသည်။

တစ်ဆက်တည်း သူထောက်ပြသော အချက် တစ်ခုမှာ သဘာဝသယံဇာတသည် ဒီမိုကရေစီကို အလုပ် မဖြစ်အောင် ပြုလုပ်သည်ဟူ၏။ Resources make democrac dysfunction. ဟု ပြောပါသည်။

ဒီမိုကရေစီဆိုသည်မှာ ရွေးကောက်ပွဲအကြောင်းမျှသာ မဟုတ်ပါတဲ့။ ဒီမိုကရေစီ၏စည်းမျဉ်းတချို့မှာ ဒီမိုကရေစီက



အခွင့်အာဏာကို မည်သည့်နည်းမျိုးဖြင့် ရရှိလာစေဖို့ ဆုံးဖြတ်သလဲ ဆိုသည့်အချက်။ တခြား စည်းမျဉ်းတချို့မှာ ရရှိလာသော အခွင့်အာဏာကို ဘယ်လို အသုံးချသလဲ ဟူသော အချက်။ ထိုစည်းမျဉ်းဥပဒေတို့သည် အစိုးရအား အာဏာကို အလွဲသုံးသလား မသုံးဘူးလား ပြန်လည် စစ်ဆေး သုံးသပ်ဖို့ ဖြစ်သည်။ သယံဇာတ ကြွယ်ဝမှုကို ရောင်းချစားနေသည့် အစိုးရတို့တွင် ထို စည်းမျဉ်း ဥပဒေ နှစ်ခုလုံး ချောင်ထိုးခံရသည်။

သဘာဝသယံဇာတ ပေါကြွယ်ဝသည့် အခြေအနေတွင် ရွေးကောက်ပွဲ စီမံပြုလုပ်သည့်ပုံစံပါ ပြောင်းလဲ သွားသည်။ နိုင်ငံရေးစပွန်ဇာဟု ခေါ်နိုင်မလားမသိ။ Politics Patronage ဟု ခေါ်သော နိုင်ငံရေးအတွက် ကျောထောက်နောက်ခံအဖွဲ့တွေပေါ်လာကြသည်။ ထိုအခါ နိုင်ငံရေးပါတီတို့သည် ကုန်ကျစရိတ် သက်သက်သာသာဖြင့် လူထုထံမှ မဲတို့ကို ရနိုင်သွားသည်။ သာမန်အားဖြင့် ရွေးကောက်ပွဲ မဲဆွယ်သည့်အခါ လူထု အကျိုးဆောင်ခြင်း လုပ်ငန်းများ၊ အိပ်မက်များ၊ ကတိများဖြင့် စည်းရုံးကြသည်။ ဥပမာ အခြားသောပြိုင်ဘက်တွေထက် မိမိတို့က ပိုပြီး လုပ်ငန်းတွေ၊ လမ်းတံတားတွေ၊ ဆေးရုံတွေ၊ ပြည်သူလူထု လုံခြုံရေးတွေ အကျိုးဆောင်ပေးမည် ဟူသော စည်းရုံး မဲဆွယ်မှုမျိုးနှင့်သာ လုပ်ကြရမည့်အစား နိုင်ငံရေးအတွက် ကျောထောက်နောက်ခံတွေ ဝင်လာသောအခါ မဲထည့်မည့်သူတို့ကို ပြည်သူလူထု ပိုက်ဆံဖြင့် လာဘ်ထိုးဝယ်လို့ ရသွားတတ်သည်။

သူတို့ပြောသည့် အသုံးအနှုန်းတစ်ခုမှာ နိုင်ငံရေးတောတွင်း ဥပဒေ၌ အဝဆုံးသူသာ အနိုင်ရသည် တဲ့။ The

www.burmeseclassic.com



law of political jungle: the survival of the fattest ဟုဆိုပါသည်။

တစ်ခါတုန်းက နိုင်ဂျီးရီးယားနိုင်ငံမှာ အငြိမ်းစား အမြတ်ခွန် အရာရှိတစ်ဦးက စာရေးသူကို ညစာဖိတ်ခေါ် ကျွေးသည်။ သူ အရာရှိအဖြစ်မှ ထွက်လိုက်ရသည်မှာ ဆက်လက် မလုပ်နိုင်တော့လို့ ဖြစ်သည်။ သူအလုပ်လုပ်ခဲ့သည့် နှစ်နှစ် အတွင်း အမြတ်ခွန်ဥပဒေဖြင့် တရားမျှတဖို့ စည်းစနစ်ကျဖို့ သူကြိုးစားခဲ့ပါ၏။ သို့သော် ဒါကို အတည်ပြုဖို့က ကော်မီတီ လူကြီးနှင့် ဆိုင်သည်။ ဘယ်လောက်ရမလဲ ဟု မေးသည့် မေးခွန်း ကို သူကြုံရသည်။ အမြတ်ခွန်အရာရှိက ထိုလူကြီးကို ငွေဖြင့် လာဘ်ထိုးရမည်။ လာဘ် မထိုးလျှင် သူ ဥပဒေ ပြင်ဆင်ခွင့်မရှိ။ ဘာကြောင့်လဲဆိုတော့ ဒါက ဖြစ်နေကျ ပုံစံမို့။ ဒီအတိုင်းပဲ စခန်းသွားနေကြသောကြောင့်။ တဖြည်းဖြည်းနှင့် ကျောထောက် နောက်ခံ နိုင်ငံရေးသည် လူလိမ်လူညာတွေကို ဆွဲဆောင် စည်းရုံး မိလျက်သား ဖြစ်လာတော့သည်။

သယံဇာတဝင်ငွေ သိပ်ကောင်းနေသည့်အခါ နိုင်ငံ ရေးဆိုင်ရာကျင့်ဝတ်နှင့် ထိန်းချုပ်မှုကို ဘာကြောင့် အားနည်း စေသလဲ။ အကြောင်းတစ်ခုမှာ သယံဇာတ ဝင်ငွေတို့သည် အမြတ်ခွန် လိုအပ်မှုကို လျော့နည်းစေသော ကြောင့် ဖြစ်သည်။

သဘာဝသယံဇာတမှ အမြတ်ထုတ်နိုင်သည့် နိုင်ငံတွင် အစိုးရတို့သည် အမြတ်ခွန်ကောက်ခံခြင်းကို စနစ်တကျ မလုပ် ဖြစ်ကြ။ သူတို့သည် ပြည်သူလူထုအားလည်း 'မိမိတို့၏ အမြတ် ခွန် ပေးဆောင်ငွေတွေမှ ပြည်သူ လူထု အကျိုးအတွက် ဘာတွေ



လုပ်နေသည်'ဟု အသိပေး ဆွဲဆောင်ခြင်းမျိုးလည်း မရှိ။ အချိန် ကာလကြာလာသည့်အခါ ထိုအချက်သည် အစိုးရအပေါ် စိတ်ချ ယုံကြည်ခြင်းနည်းပါးရတာ နားလည်ပြီးသားအချက်တစ်ခုလို ဖြစ်လာသည်။ ထိုမှတစ်ဆင့် အုပ်ချုပ်ပုံသည် အော်တိုကရေစီ ဘက်သို့ ကူးပြောင်းလာခြင်းဖြစ်သည်ဟု သူ ဆိုလိုဟန်တူပါ သည်။

နိုင်ငံရေးဆိုင်ရာ လုပ်ပိုင်ခွင့်တို့ကို ပြန်လည် စစ်ဆေး ပြီး ကိုယ့်ကိုယ်ကို ကန့်သတ် ထိန်းချုပ်လိုက်ခြင်းဖြင့် မည်သည့် မူဝါဒတွေကို တိုးတက်စေသလဲဟု သူတို့ လေ့လာ ရှာဖွေ ကြည့် သည့်အခါ နိုင်ဂျီးရီးယားနိုင်ငံ၏ အတွေ့ အကြုံတချို့ကိုပဲ သူတို့ တွေ့ထောက်ပြသည်။ နိုင်ငံအစိုးရတစ်ခုသည် အသုံးစရိတ် စစ်ဆေး ညှိနှိုင်းခြင်းကို လက်ခံ ပြုလုပ်လိုက်ခြင်းအားဖြင့် ထိုက်သင့်သော ရင်းနှီးမြှုပ်နှံမှုကို ပြန်လည် ရလာတတ်သည်။

နိုင်ဂျီးရီးယားနိုင်ငံသည် ၁၉၇၉ မတိုင်မီ ဆယ်နှစ်ကျော် က စစ်အစိုးရအုပ်ချုပ်ခဲ့သည်။ ထိုနှစ်တွင် စစ်အစိုးရမှ ဒီမို ကရက်တစ်အရပ်သားအစိုးရအဖြစ် ပြောင်းလဲ အုပ်ချုပ်ခဲ့သော ကြောင့် ယေဘုယျတော့ စိတ်သက်သာစရာ ဖြစ်ခဲ့ရသည်။ သို့သော် ကံမကောင်းစွာပင် ထို အစိုးရ အဖွဲ့သည် စောစောက ပြောသည့် ကျောထောက်နောက်ခံ စပွန်ဆာဖြင့် မျှတတာတွေ မမျှတတာတွေ အစစ်အဆေး မခံရဘဲ မဲရခဲ့သူတို့ဖြစ်သည်။

အစိုးရ၏ပထမဆုံးဆောင်ရွက်ချက်တွေထဲမှ တစ်ခုမှာ စစ်အစိုးရ လက်ထက်တုန်းက ချပေးခဲ့သည့် ရေကာတာ စီမံကိန်း

www.burmeseclassic.com

www.burmeseclassic.com



ကို အကောင်အထည် ဖော်လိုက်ခြင်း ဖြစ်သည်။ မူလစီမံကိန်းကို ယခု ပြန်ချပေးလိုက်ခြင်း ဖြစ်၏။ ရင်းနှီးရမည့် ကုန်ကျစရိတ်မှာ မူလတုန်းက ဒေါ်လာ သန်း ၁၂၀ ဖြစ်ခဲ့ရာမှ အခုတော့ ဒေါ်လာ သန်း ၆၀၀ ဖြစ်သွား၏။ အစိုးရအဖွဲ့ဝင် နိုင်ငံရေးသမားတို့သည် မိမိ တို့မှာရှိသည့် စည်းစိမ်တို့ကို မဲဆွယ်ရာ၌ ထောက်ခံမဲ ဝယ်ယူခြင်းတွင် အသုံးပြုခဲ့ပြီမို့ အခုအခါ ငွေကြေး လိုအပ်လာသည်။ သူတို့၏အကြံအစည်မှာ ဆည်စီမံကိန်းမှ ငွေကြေးအမြတ်အစွန်း ပြန်ရဖို့ ဖြစ်သည်။ ထို ဥပမာမျိုးမှ ကောက်ချက်ဆွဲရလျှင် သဘာဝသယံဇာတ အမြတ်ထုတ်သည့်နိုင်ငံတို့မှာ အန္တရာယ် ကြုံတွေ့တတ်သည်။

ဒါဖြင့် သဘာဝသယံဇာတ ရှာဖွေတွေ့ရှိသည့် နိုင်ငံတိုင်း အန္တရာယ်ရှိရောတဲ့လား။ နော်ဝေနိုင်ငံလည်း ရေနံကို ရှာဖွေတွေ့ခဲ့ အမြတ်ထုတ်ခဲ့တာပဲ။ နော်ဝေနိုင်ငံကျတော့ ကောင်းပြီး ဘာဖြစ်လို့ ချက်ဒ်နိုင်ငံကျတော့ ဆိုးနေရတာလဲ။ ထိုမေးခွန်းကို သူမေးပြီး လေ့လာ ဆန်းစစ်ထားပါသည်။

ဘာကြောင့်လဲဆိုတော့ အနှစ်ချုပ်ပြောရလျှင် နော်ဝေနိုင်ငံသည် သယံဇာတကို မသုံးစွဲမီကတည်းက နိုင်ငံရေးဆိုင်ရာ ကိုယ်တိုင်ချုပ်တည်းမှု ရှိခဲ့ပြီးသားမို့ ဖြစ် သည်။ နဂိုကတည်းက နိုင်ငံရေးချုပ်တည်းမှုရှိပြီးသားမို့ သဘာဝသယံဇာတ ဝင်ငွေနှင့် ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်း ဝင်ငွေ ပိုများလာသည့်အခါ နိုင်ငံရေးဆိုင်ရာ အထိန်းအကွပ် ပိုရလာခဲ့သည်။

သယံဇာတလည်း ပေါမည်။ နိုင်ငံသားတွေလည်း ဆင်းရဲမည်။ အစိုးရက နိုင်ငံရေးအထိန်းအကွပ်လည်း မဲ့မည်။



တိုင်းရင်းသားလူမျိုး ကွဲပြားစုံလင်မှုလည်း ရှိဦးမည်။ ထိုအချက်တွေ ပေါင်းလိုက်လျှင်တော့ ထိုနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုတွင် အောက်ဆုံးမှာ ရောက်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၃)အိမ်နီးချင်းဆိုးများကြားတွင် ညပ်ပိတ်နေရသည့် ထောင်ချောက်

## (Land locked with bad neighbors)

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော အချက်တို့တွင် ပထဝီအနေအထားလည်း ပါသည်ကို ဂျက်ဖရီဆာ့ချ် (Jeffery Sach) က ထောက်ပြခဲ့ပြီးပြီ။ ပထဝီအနေအထားအရ ဖွံ့ဖြိုးမှုကို နှေးကွေးစေသည့် အဖြစ်မျိုး ရှိတာ မှန်ပါသည်။ သို့သော် ထိုအနေအထားချင်းအတူတူ တချို့နိုင်ငံတွေက ဖွံ့ဖြိုးတိုးတက်မှု အလျင်အမြန်ရပြီး တချို့က ထောင်ချောက်ပိတ်မိနေတာ အဲဒါ ဘာကြောင့်လဲ။

ယူဂန်ဒါနိုင်ငံကလည်း အိမ်နီးချင်းနိုင်ငံတွေကြားမှာ ပိတ်မိနေတာပဲ။ ဆွစ်ဇာလန်နိုင်ငံကလည်း အိမ်နီးချင်းနိုင်ငံတွေကြားမှာ ပိတ်မိနေတာပဲ။ ယူဂန်ဒါ၏အဖြစ်က ဆိုးရွားပြီး ဆွစ်ဇာလန်၏အဖြစ်က ဘာဖြစ်လို့ ကောင်းနေတာလဲ။ ဘာကြောင့်လဲ ဆိုတော့ ဆွစ်ဇာလန်၏ ပင်လယ်ဆီသို့ ရောက်နိုင်ဖို့ လမ်းကြောင်း



မှာ ဂျာမနီနှင့် အီတာလျံ ဖွံ့ဖြိုးမှု အဆောက်အအုံတို့ပေါ် မူတည်နေပြီး ယူဂန်ဒါ နိုင်ငံကျတော့ ပင်လယ်ဆီသို့ ရောက်ဖို့ လမ်းကြောင်းမှာ ကင်ညာနိုင်ငံပေါ် မူတည်နေရသောကြောင့် ဖြစ်ပါသည်။

ကိုယ် အားကိုးနေရသည့် တစ်ဆင့်ခံ နိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေးက အဆင့်မမီ၊ ခက်ခဲ ကြမ်းတမ်း နောက်ကျနေပါလျှင် မိမိ တင်ပို့ရမည့် ထုတ်ကုန်အတွက် ဈေးကွက်မီဖို့ ဘယ်လိုမှ ကြိုးစားအားထုတ်လို့ မရနိုင်။ ဆိပ်ကမ်းသို့ တင်ပို့ရမည့် ကုန်စည်အတွက် ဒါက မိမိ၏ ထိန်းချုပ်နိုင်မှုမှ ကျော်လွန်နေသော အချက်ဖြစ်သည်။

ဒါက အိမ်နီးချင်းတို့၏ အရေးပါသော အကြောင်းရင်း တစ်ခု ဖြစ်သည်။

နောက်တစ်ကြောင်းက ထိုအိမ်နီးချင်းနိုင်ငံတို့ ကိုယ်တိုင်ပင် မိမိနိုင်ငံ၏ဈေးကွက်လည်း ဖြစ်နိုင်သည်ဟူသောအချက်။ ဂျာမနီနှင့်အီတလီသည် ဆွစ်ဇာလန်နိုင်ငံ၏ 'ဈေးကွက်ဆီသို့ ရောက်အောင် ဖြတ်ကျော်ရမည့်' အိမ်နီးချင်းမျှသာ မဟုတ်။ ထိုနိုင်ငံနှစ်ခုသည် ဆွစ်ဇာလန် နိုင်ငံ၏ဈေးကွက်တည်ရှိရာလည်း ဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံသည် နိုင်ငံတွေကြားမှာ ပိတ်မိနေတာမဟုတ်။ ဈေးကွက်တို့ဖြင့် ပတ်လည် ဝိုင်းရံနေခြင်း ဖြစ်သည်။

ယူဂန်ဒါနိုင်ငံကို ကြည့်ရအောင်။

ယူဂန်ဒါနိုင်ငံသည် ဘေးမှာ ကင်ညာနိုင်ငံရှိ၏။ ကင်ညာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု ရပ်တန့်နေခဲ့တာ နှစ်ပေါင်း သုံးဆယ်

www.burmeseclassic.com

www.burmeseclassic.com



နီးပါး ရှိခဲ့ပြီ။ တခြားအိမ်နီးချင်းဖြစ်သော ဆူဒန်နိုင်ငံကျတော့ ပြည်တွင်းစစ်၏ဒဏ်ကို ခံနေခဲ့ရတာ၊ ရဝမ်ဒါကျတော့ အစုလိုက်အပြုံလိုက် မျိုးဖြုတ်သုတ်သင်မှုတွေဖြစ်ပွားနေခဲ့ရာ နိုင်ငံ၊ ဆိုမာလီယာကျတော့ လုံးဝ စုန်းစုန်းမြုပ် ပြိုလဲနေသည့်နိုင်ငံ။ ကွန်ဂိုဒီမိုကရက်တစ် ရီပတ်ဘလစ်ကျတော့ သူ့နိုင်ငံကို ဇဲဆိုသောနာမည်မှ ပြောင်းပစ်လိုက်ရုံမှတစ်ပါး ဘာမှ မလုပ်နိုင် လောက်အောင် ဘေးအန္တရာယ် ကျရောက်နေခဲ့သည့်နိုင်ငံ။ တန်ဇန်းနီးယားနိုင်ငံ ဆိုတာကလည်း ယူဂန်ဒါကို ချဉ်းနင်းဝင်ရောက်နေသည့် နိုင်ငံ ဖြစ်နေသည်။ ဒါကြောင့် ယူဂန်ဒါ၏အခြေအနေက သိပ်မကောင်းခြင်းဖြစ်သည်။

နိုင်ငံတစ်ခုသည် အခြေအနေဆိုးသည့် အိမ်နီးချင်းနိုင်ငံတွေကြားမှာ ပိတ်မိနေစေဦးတော့ အကယ်၍ သူ့မှာ သဘာဝ သယံဇာတ ရှိခဲ့လျှင် (ဥပမာ ဘော့စ်ဝမ်နာ လိုမျိုး) အနေအထားက သက်သာသည်။ မိမိမှာ ရှိသည့် သဘာဝ သယံဇာတ ကြွယ်ဝမှုကို နည်းမှန်လမ်းမှန်ဖြင့် အသုံးချနိုင်လျှင်ပေါ့။

သဘာဝ သယံဇာတလည်း ရှားပါးပြီး ထိုကဲ့သို့လည်း ပိတ်မိနေသော နိုင်ငံတို့ ဘယ်လောက်များသလဲ။ အာဖရိကတိုက်၏အပြင်မှာ တစ်နိုင်ငံမှ မတွေ့ပါ တဲ့။ သို့ပါလျက် သုံးဆယ်ရာခိုင်နှုန်းသော အောက်ခြေသန်းတစ်ထောင်တို့သည် အခြေအနေဆိုးသည့် အိမ်နီးချင်းနိုင်ငံတို့ အကြားတွင် ပိတ်မိနေသည်ဟု ဆိုပါသည်။

သည်တော့ ပိတ်မိနေသောနိုင်ငံများအနေနှင့် ဘာလုပ်သင့်သလဲ။



အခြေအနေဆိုးသော အိမ်နီးချင်းတွေကြားထဲမှာ ပိတ်မိနေပြီး သဘာဝသယံဇာတလည်း ရှားပါးသော နိုင်ငံတစ်ခုအနေနှင့် ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ နည်းလမ်းတွေ မရှိတော့ ဘူးလား။ ထိုမေးခွန်းကို အလယ်ပိုင်း အာဖရိက ရီပတ်ဘလစ်နိုင်ငံက ဝန်ကြီးချုပ်ကလည်း သိချင်ပါသည်။ အဖြေက နည်းလမ်း ရှိပါသည်။ အစိုးရကသာ နည်းမှန် လမ်းမှန် မူဝါဒမှန်ကို အသုံးပြုမည်ဆိုလျှင် ဖြစ်နိုင်ပါသည်တဲ့။

အသုံးပြုရမည့် နည်းဗျူဟာတွေ ရှိသည်။

နည်းဗျူဟာ ၁၊ ကိုယ့်နိုင်ငံအနီးအနားက ဖွံ့ဖြိုးမှုကို အလျှံပယ် ဖြစ်အောင် လုပ်ပါ။

နယ်စပ်ကုန်သွယ်မှုကို ပြုလုပ်ရမည်။ နယ်စပ် ကုန်သွယ်မှုကို တိုးတက်အောင် ပြုလုပ်ရာတွင် အဓိက ကျသော အချက်တို့မှာ ကိုယ့်နိုင်ငံတွင်း နယ်စပ်ဆီသို့ လမ်းပမ်းဆက်သွယ်ရေးနှင့် အိမ်နီးချင်း ကုန်သွယ်မည့် နိုင်ငံတွင်း နယ်စပ် လမ်းပမ်း ဆက်သွယ်ရေးတို့ ကောင်းမွန်ရမည်။ ကုန်သွယ်ရေးမူဝါဒမှန်ရမည်။

နည်းဗျူဟာ ၂၊ မိမိအိမ်နီးချင်းနိုင်ငံ၏ စီးပွားရေးမူဝါဒကိုပါ ဖွံ့ဖြိုးအောင် ကူညီပေးရမည်။

နည်းဗျူဟာ ၃၊ ကမ်းရိုးတန်းကုန်သွယ်မှု အခြေအနေကို တိုးမြင့်အောင် လုပ်ရမည်။ ပိတ်မိနေသော နိုင်ငံတစ်ခုအနေနှင့် ပင်လယ်လမ်းကြောင်းပွင့်ဖို့က အရေးကြီးသော လိုအပ်ချက်တစ်ခု ဖြစ်သည်။ သို့သော် ထို ဆက်သွယ်မှုအတွက် အိမ်နီးချင်း

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ၏ လမ်းပမ်းဆက်သွယ်ရေးနှင့် ကမ်းရိုးတန်းမှုဝါဒ ဆုံးဖြတ်ချက်တို့က အရေးပါသည်။

နည်းဗျူဟာ ၄၊ ဒေသအတွက် ခိုလှုံရာနေရာ တစ်ခုဖြစ်အောင်လုပ်ပါ။

ဘာကြောင့်လဲဆိုတော့ အများစုသော ကုန်သွယ်မှု တို့သည် ကမ္ဘာနှင့်ချီပြီးလုပ်တာထက် ဒေသတွင်း လုပ်ကိုင်တာက ပိုများသောကြောင့်ဖြစ်သည်။ နိုင်ငံတစ်ခုသည် ဘေးအိမ်နီးချင်းနိုင်ငံများထက် ပိုပြီး အဆင့်မြင့်မြင့် မူဝါဒများ ချမှတ်နိုင်လျှင် အခြားနိုင်ငံတို့က မိမိနိုင်ငံတွင်း လုပ်ငန်းတွေ ဝင်ရောက်ဖို့ ဆွဲဆောင်နိုင်လိမ့်မည်။ ပြည်ပ ပို့ကုန်အတွက် စီးပွားရေး ဗဟိုချက်ကျလာလိမ့်မည်။ ဥပမာ လက်ဘနွန်နိုင်ငံသည် အရှေ့ အလယ်ပိုင်း တစ်ခုလုံးရှိ အိမ်နီးချင်း ဒေသတွင်းနိုင်ငံများအတွက် ဘဏ္ဍာရေး ဗဟိုချက် ကျသောနိုင်ငံဖြစ်လာသည်။

နည်းဗျူဟာ ၅၊ လေကြောင်းကုန်သွယ်ရေး မပိတ်မိပါစေနှင့်၊ အီလက်ထရွန်းနစ်ဆက်သွယ်မှု မပိတ်မိပါစေနှင့်။

ပင်လယ်ကုန်သွယ်မှု၊ ပင်လယ်သွားလာမှုလိုပင် လေကြောင်းအဆက်အသွယ်က ယခင်ကထက် ပိုပြီး အရေးပါလာခဲ့ပြီ။ လေကြောင်းဆက်သွယ်ရေးကို တည်ဆောက်ရမည်။ လေကြောင်းအကျိုးဆောင်မှုအတွက် ငွေကြေးကို လျှော့ချပေးပြီး လေကြောင်းကုမ္ပဏီနှင့် လေယာဉ် ခေါက်ရေ များများရဖို့ နိုင်ဂျီးရီးယားနိုင်ငံက ကြိုးစားနေခဲ့သည်။



ထိုကဲ့သို့ ပိတ်မိနေသည့်နိုင်ငံတို့မှာ တကယ် လိုအပ်တာက ဈေးနှုန်းချိုသာစွာနှင့် မှန်မှန်ကန်ကန် ပြေးဆွဲပေးသော လေကြောင်းကုမ္ပဏီများ ဖြစ်သည်။ သို့သော် တကယ်တမ်းသူတို့မှာ ရှိနေသည်က ဈေးကြီးပြီး အရည် အသွေးညံ့ဖျင်းသော၊ ပြိုင်ဘက်မရှိသော အစိုးရပြေးဆွဲသည့် လေကြောင်းတွေပဲ ဖြစ်နေတတ်သည်။ အဲဒီထဲက နာမည်အကြီးဆုံး (သို့မဟုတ် နာမည်အပျက်ဆုံး)မှာ ဇဲနိုင်ငံ၏လေကြောင်းကုမ္ပဏီတို့ ဖြစ်သည်။ ထိုလေကြောင်းလိုင်းတို့မှာ အခါအားလျော်စွာ နိုင်ငံ၏သမ္မတကတော် ပြည်ပ ဈေးဝယ်ထွက်ဖို့ အသုံးတော်ခံရလေသည်။

အီလက်ထရွန်းနစ် အကျိုးဆောင်လုပ်ငန်းတို့သည် အခုအခါ နိုင်ငံကို ဖွံ့ဖြိုးမှု မြန်ဆန်စေအောင် ဆောင်ရွက် ကူညီပေးနိုင်သည်။ ဒါက အိန္ဒိယနိုင်ငံ၏ မကြာသေးမီက အောင်မြင်ခဲ့သော ဖြစ်ရပ်ပါ။ အိန္ဒိယနိုင်ငံတွင် အီလက်ထရွန်းနစ်နှင့် ကွန်ပျူတာ ကျွမ်းကျင်သော လူငယ်တို့က ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံများအတွက် အီလက်ထရွန်းနစ်အကျိုးဆောင်မှုတွေ ပြုလုပ်ပေးခဲ့သည်။ အီး အကျိုးဆောင်လုပ်ငန်းသည် ဆွဲဆောင်မှု ကောင်းသည်။ အကြောင်းမှာ ခရီးအကွာအဝေးက အရေးမပါတော့သောကြောင့် ဖြစ်ပါသည်။

အီး အကျိုးဆောင်လုပ်ငန်း ဖွံ့ဖြိုးဖို့ အဓိက အရေးပါသော အချက်နှစ်ခုရှိသည်။ တစ်ခုက ကောင်းမွန်သော အဝေးဆက်သွယ်ရေးစနစ်နှင့် လိုအပ်သည့် အခြေခံအဆောက်အအုံ တိုးတက်မှု၊ နောက်တစ်ခုက အခြေခံ ပညာထက်လွန်သော ပညာရေး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နည်းဗျူဟာ ၆၊ အခွင့်အရေးပေးပြီး အားပေးရမည်။

ထိုနိုင်ငံမျိုးတွင် ပြည်တွင်းမှ လူငယ်လူရွယ်များ ဒေသမှ ထွက်ခွာပြီး တခြားနိုင်ငံတွေသို့ အလုပ် သွား လုပ်ကိုင်လိုကြလိမ့်မည်။ ကိုယ့်နိုင်ငံ၏ ဦးနှောက်အရည်အချင်းရှိသူတွေကို ဆုံးရှုံးကောင်း ဆုံးရှုံးရလိမ့်မည်။ သို့သော် နိုင်ငံမှ ထွက်ခွာခွင့် ပြုခြင်းသည် တစ်ဖက်ကလည်း ဝင်ငွေရအောင် ဖန်တီးပေးနိုင်ဖို့ နီးစပ်လိမ့်မည်။ ဝင်ငွေကို အများဆုံးဖြစ်အောင်လုပ်ဖို့မှာ အဆင့်တွေတော့ များသည်။ တစ်ခုကတော့ လူတွေကို ပညာတတ်အောင် သင်ကြားပေးသည့် အဆင့်ဖြစ်သည်။ မိမိနိုင်ငံသား လူငယ်တွေ ပညာတတ်လျှင် သူတို့ သွားရောက် အလုပ်လုပ်မည့်နိုင်ငံမှာ သူတို့ လစာကောင်းမည်။ အခြေခံ ကိုယ်ကာယသုံးရသည့် အလုပ်ကြမ်းသမားအဖြစ် ဆင်းရဲ နွမ်းပါးနေရတာမျိုး မဖြစ်တော့ဘဲ ဉာဏ်သုံးရသည့် လုပ်ငန်းကို ပိုလုပ်နိုင်လိမ့်မည်။ အခြေအနေ မြင့်မားမည်။

နောက်တစ်နည်းက သူတို့အတွက် အလုပ်အခွင့်အလမ်း ရှာဖွေပေးခြင်း ဖြစ်သည်။ ထိုအချက်အတွက် ဥပမာကောင်းတစ်ခုမှာ ဖိလစ်ပိုင်နိုင်ငံ ဖြစ်သည်။

နောက်တစ်ခုမှာ တခြားနိုင်ငံမှာ သွား အလုပ်လုပ်သော နိုင်ငံသားတို့အား မိမိနိုင်ငံအတွက် ဝင်ငွေ ပြန်ထောက်ပံ့အောင် တွန်းအားပေး စည်းရုံးခြင်း ဖြစ်သည်။ ဒါကလည်း ဘဏ်စနစ်နှင့် ငွေကြေးလဲလှယ်နှုန်းစနစ်ပေါ်မှာ မူတည်ပါသည်။ တန်ဖိုးထက် ပိုများနေသော ငွေကြေး လဲလှယ်နှုန်းသည် ငွေပြန်ပို့ပေးမည့် အစီအစဉ်ကို နှောင့်နှေး တွန့်ဆုတ်စေပါသည်။



နောက်တစ်နည်းက ပြည်ပရောက်နေသူတို့ကို ကိုယ့်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ ဥပမာ မိမိမိသားစုအတွက် အိမ် ဆောက်လုပ်ခြင်း၊ အငြိမ်းစားယူသည့်အခါ ပြန်လာခြင်းကို တွန်းအားပေးရမည်။ နောက်ပိုင်း ဒုတိယမျိုးဆက်ကျလျှင် ပထမ မျိုးဆက်ထက် ကိုယ့်နိုင်ငံနှင့် ပြန်လည် နီးစပ်လာအောင် ဖန်တီးပေးရမည်။

နည်းဗျူဟာ ၇၊ သယံဇာတနှင့် ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမည့်သူများကို အခွင့်အရေးပေးသည့် အခြေအနေနှင့် ဖုံးကွယ်မှုမရှိ ရှင်းလင်းပြတ်သားသည့် အနေအထားကို ဖန်တီးပေးရမည်။

သဘာဝသယံဇာတ မရှိသေးသည့်နိုင်ငံတို့တွင်လည်း တွေ့ရသေးတာသာ ရှိမည်။ တွေ့ဖို့ အလားအလာ ရှိလျှင် ရှာဖွေလိုသူ ကုမ္ပဏီတို့ရှိမည်။ ထိုသူတို့ကို အခွင့်အရေး ပေးသည့်အခါ စွန့်စားလိုသူတို့ လာရောက်ရင်းနှီး မြှုပ်နှံလိမ့်မည်။ ထိုသူတို့အတွက် အဓိက အတားအဆီးကတော့ သူတို့၏ ဂုဏ်သိက္ခာဖြစ်မည်။ သူတို့ ရင်းနှီးမြှုပ်နှံမည့် အစိုးရက သူတို့ပေးမည့် သယံဇာတ ထုတ်လုပ်မှုအတွက် ငွေကြေးကို ဘယ်နေရာမှာ ဘယ်လို အသုံးချမလဲဆိုတာပေါ်မှာ မူတည်နေသည့် ဂုဏ်သိက္ခာဖြစ်သည်။ သို့သော်လည်း ကုမ္ပဏီတိုင်းအတွက် အဲဒါက အရေးကြီး။ ကုမ္ပဏီတိုင်းက သူတို့ကာကွယ်ရလောက်သည့် ဂုဏ်သိက္ခာ ရှိကြတာမှ မဟုတ်ဘဲ။ အဲဒီအချက်ကြောင့်လည်း ပြဿနာတစ်ခု ထပ်ပေါ်လာရသည်။ ချက်ကျကျ စကားလုံးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ မလိုချင်သော ရွေးချယ်မှု ပြဿနာ (Adverse selection problem) တဲ့။ အန္တရာယ်ရှိသည့် ရင်းနှီးမြှုပ်နှံမှုကို လုပ်ကိုင်လိုသူ ကုမ္ပဏီကြီးတို့သည် ထိုနိုင်ငံ၏ ဆင်းရဲတွင်းနက်နေသော ထောင်ချောက်ကို စိတ်မဝင်စား။ ထိုထောင်ချောက်ကို ရှောင်တိမ်းရန် ဘယ်လို ကူညီရမလဲ ဆိုတာကိုလည်း စိတ်မဝင်စားပေ။ အခုအခါ ထိုကဲ့သို့ ကုမ္ပဏီမျိုးတွေ များလာသည်။ ၂၀၀၆ ခုနှစ်တုန်းက တရုတ်နိုင်ငံ ဒုသမ္မတက အာဖရိကသို့ လှည့်လည်စဉ် ငါတို့ ဘာမေးခွန်းမှ မမေးဘူးဟု ပြောသွားသည် ဟု ဆိုပါသည်။

နည်းဗျူဟာ ၈၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး

ပိတ်မိနေသောနိုင်ငံများတွင် စက်မှု ဖွံ့ဖြိုး တိုးတက်ဖို့ အခြေအနေနည်းပါးသည်ဖြစ်ရာ ကျေးလက်ဒေသတွင် နေထိုင်သူဦးရေပမာဏ များပြားလျက် ရှိသည်။ ထို့ကြောင့် ကျေးလက်နေ ပြည်သူလူထုအတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးဖို့ လိုသည်။ အစိုးရတို့သည် စက်မှုဖွံ့ဖြိုးခြင်းကို လိုချင်ကြသဖြင့် ကျေးလက်ကို လိုအပ်သလောက် ဦးစားပေးဖို့ လစ်ဟာနေတတ်သည်။ ကျေးလက်ဖွံ့ဖြိုးမှုကို ခက်ခဲစေသော အခြား အကြောင်း တစ်ခုမှာ ဥရောပ၊ ဂျပန်နှင့် အမေရိကန်နိုင်ငံများတွင် ပြုလုပ်သော လယ်သမားတို့အား ကုန်ကျစရိတ် သက်သာအောင် စိုက်ထုတ်လျှော့ချပေးခြင်း(Subsidies) နည်းလမ်းဖြစ်သည်။



နည်းဗျူဟာ ၉၊ ပြင်ပအကူအညီများကို ဆွဲဆောင်ပါ။

အထက်ဖော်ပြပါနည်းတွေကို သုံးဖြစ်သည့်တိုင်အောင် ပိတ်မိနေသောနိုင်ငံတစ်ခုသည် နှစ်ပေါင်းများစွာ ရပ်တန့်နေဆဲ အခြေအနေနှင့် ဆင်းရဲနေဆဲ ဖြစ်ဖို့ များသည်။ ထို့ကြောင့် ပြင်ပအကူအညီကို ဆွဲဆောင်နိုင်လျှင် ကောင်းသည်။

ထိုနည်းဗျူဟာ အတော်များများသည် နိုင်ငံငယ်လေးက ကိုယ့်ဟာကိုယ် ထိန်းချုပ်လုပ်ကိုင်နိုင်ဖို့ အခွင့်အလမ်း နည်းပါးလှသည်။ ထို့ကြောင့် အိမ်နီးချင်းကို သို့မဟုတ် အပြည်ပြည်ဆိုင်ရာကို မှီခိုနေရလိမ့်မည်။ (ဥပမာ ထောက်ပံ့ငွေ)။ နိုင်ငံကြီးရှစ်နိုင်ငံက ကူညီပေးလျှင် ပိုပြီး ထိရောက်မည်။

www.burmeseclassic.com

www.burmeseclassic.com

## (၄)စီမံအုပ်ချုပ်မှုညံ့ဖျင်းသည့်ထောင်ချောက်
## (Bad Governance)

စီမံအုပ်ချုပ်မှုနှင့် စီးပွားရေးမူဝါဒသည် စီးပွားရေး တိုးတက်ဆောင်ရွက်မှုကို ကူညီပံ့ပိုးပေးသည်။ သို့သော် ထိုအချက်များကို မှန်ကန်စွာဆောင်ရွက်ခြင်းနှင့် မှားယွင်းစွာ ဆောင်ရွက်ခြင်း နှစ်မျိုးသည် ကောင်းကျိုး ဆိုးကျိုး အညီအညာ အကျိုးသက်ရောက်စေတာတော့ မဟုတ်။

အလွန်ကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် စီးပွားရေး မူဝါဒသည် နိုင်ငံကို တိုးတက်ဖွံ့ဖြိုးအောင် ကူညီပေးသည်။ သို့သော် ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ဆယ်ရာခိုင်နှုန်း အထိပဲ။ သည့်ထက်ပိုပြီး နှုန်းက မမြန်နိုင်။ ဘယ်လောက်ကောင်းသည့် အစိုးရပဲဖြစ်ဖြစ် ဒီထက်ပိုပြီး အထက် မြန်မြန် မတက်နိုင်။ သို့သော် ထိုအချက်နှင့် ပြောင်းပြန်က စီမံအုပ်ချုပ်မှု ညံ့ဖျင်းပြီး စီးပွားရေးမူဝါဒ ဆိုးဝါးလျှင်တော့ နိုင်ငံတစ်ခု၏ စီးပွားရေးကို



ကြောက်စရာကောင်းလောက်အောင် မြန်ဆန်သည့်နှုန်းဖြင့် အောက်သို့ ပြုတ်ကျသွားစေနိုင်၏။

ဥပမာ ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီ၏ စီမံ အုပ်ချုပ်ညံ့ဖျင်းမှုကြောင့် ၁၉၉၈ခုနှစ်ကတည်းက နိုင်ငံသည် စီးပွားရေးပျက်သုဉ်းခဲ့ရပြီး ငွေဖောင်းပွမှုနှုန်းမှာ တစ်နှစ်လျှင် အဆတစ်ထောင်ခန့် မြင့်တက်လာသည်။

ထိုကျဆင်းမှုကို ဇင်ဘာဘွေနိုင်ငံသို့ အဝင်လေဆိပ်မှာ ခြေချလိုက်ကတည်းက ဘယ်သူမဆို ရိပ်စားမိလိမ့်မည်။

စီမံအုပ်ချုပ်မှု ညံ့ဖျင်းသည့်အခါ အကျင့်ပျက် လာဘ်စားမှုက နိုင်ငံကို လွှမ်းမိုးလာလိမ့်မည်။

စီမံအုပ်ချုပ်မှုနှင့် မူဝါဒကောင်းမွန်မှုသည် နိုင်ငံ ဖွံ့ဖြိုး တိုးတက်မှုအတွက် အကူအညီအထောက်အပံ့ ဖြစ်သည်။ သို့ သော် မရှိသည့် အခွင့်အလမ်းတွေကို ထုတ်လုပ် ပေးနိုင်တာ တော့မဟုတ်။ ဥပမာ မာလာဝီနိုင်ငံလေးမှာ အကောင်းဆုံး စီမံ အုပ်ချုပ်မှုနှင့် မူဝါဒတွေ ရှိစေဦးတော့ ထိုနိုင်ငံကို ချမ်းသာ ကြွယ်ဝသည့်နိုင်ငံအဖြစ် ပြောင်းလဲပေးလို့မရသေး။ ဘာကြောင့် လဲဆိုတော့ အဲဒီအတွက် အခွင့်အလမ်းတွေ ရှိမနေလို့ ဖြစ်သည်။

၂၀၀၅ခုနှစ်တုန်းက ကမ္ဘာပေါ်တွင် အကျင့်ပျက် လာဘ် စားမှုကို လေ့လာတွက်ချက်ကြည့်သည့်အခါ တစ်ကမ္ဘာလုံးတွင် ဘင်္ဂလားဒေ့ရှ်နှင့် ချတ်ဒ်နိုင်ငံက သရေဖြင့် အောက်ဆုံးမှာ နေရာ ရသည်။ ထိုနိုင်ငံနှစ်ခုလုံးတွင် စီမံအုပ်ချုပ်မှု ညံ့ဖျင်းတာကို သံသယဖြစ်စရာမလိုပေ။ သို့သော် အံ့သြစရာကောင်းသည့်

www.burmeseclassic.com

www.burmeseclassic.com



အချက်က အကျင့်ပျက် လာဘ်စားမှုတွင် ဟိုးအောက်ဆုံးမှာ ရှိနေခြင်းဖြစ်သော်လည်း ဘင်္ဂလားဒေ့ရှ်သည် အသင့်အတင့် စီးပွားရေး မူဝါဒ ရှိဖို့ ဖွံ့ဖြိုးတိုးတက်မှုဆီ ခြေလှမ်းလှမ်းနေပြီ ဖြစ်သည်။ ပြည်ပထုတ်ကုန်နှင့် ပတ်သက်သည့် အလယ်အလတ် အခွင့်အရေးကို ပေးခဲ့လို့ဖြစ်နိုင်သည်ဟု စာရေးသူက သုံးသပ်သည်။ သူ့အစိုးရအနေနှင့် တက်ကြွစွာ အကောင်း လုပ်ဖို့ထက် မကောင်းတာမလုပ်မိအောင် ရှောင်ရှားဖို့က ပိုပြီး အရေးတကြီး လိုအပ်သည်မဟုတ်လား။ ထုတ်ကုန် လုပ်ငန်းရှင်တို့သည် အခွန် သိပ်ဈေးမကြီးဘဲ မျှတတာကို နှစ်သက်သည်။ စီးပွားရေးတည်ငြိမ်မှုကို နှစ်သက်သည်။ လမ်းပမ်း ဆက်သွယ်ရေး ကောင်းမွန်မှုကို နှစ်သက်သည်။

ချတ်ဒ်နိုင်ငံမှာတော့ ထိုအခြေအနေမဟုတ်။ ပိတ်မိနေသော နိုင်ငံလေးအဖြစ် သူ့မှာ အထောက်အပံ့ အကူအညီ ရှိသည်။ ရေနံရှိသည်။ ပြည်ပပို့ကုန်အတွက် အစိုးရက ငွေကို လိမ္မာပါးနပ်စွာ အသုံးပြုဖို့လိုအပ်သည်။ ထိုအခြေအနေမျိုးမှာကျတော့ အန္တရာယ်ဖြစ်မည့်ကိစ္စကို မလုပ်ဘူး ဆိုရုံနှင့် မရတော့ပေ။ သူကျတော့ ကောင်းတာကို လုပ်ကို လုပ်ရမည့် အခြေအနေဖြစ်သည်။

ချတ်ဒ်နိုင်ငံတွင် ၂၀၀၄ခုနှစ်က ကျေးလက် ကျန်းမာရေး စောင့်ရှောက်မှုအတွက် ချတ်ဒ်ဘဏ္ဍာရေး ဝန်ကြီးဌာနက ထုတ်ပေးလိုက်သောငွေကို နောက်ကနေ ခြေရာခံသည့်အလုပ်ကို အဖွဲ့တစ်ခုက ဆောင်ရွက်ခဲ့သည်။ ငွေကို ဘယ်လိုသုံးစွဲသလဲ



ဘယ်လောက် ထိရောက်သလဲ၊ ဘယ်လောက် လေလွင့်သလဲ ဆိုသည့် အဆင့်ထိ သွားတာ မဟုတ်။ ရိုးစင်းစွာပင် ဒီငွေတွေ ဘယ်ကို သွားတာလဲ ဟူသည့်လမ်းကြောင်းကိုပဲ လိုက်ခဲ့ခြင်းဖြစ်သည်။ ထိုအခါ အံ့ဩတုန်လှုပ်ဖွယ်ရာ သွားတွေ့ရသည်က ၁ ရာခိုင်နှုန်း ထက်နည်းသောငွေကသာ ကျန်းမာရေး ဆေးပေးခန်းတွေဆီသို့ ရောက်သတဲ့။ ကျန်သည့် ၉၉ ရာခိုင်နှုန်းမှာ ရည်မှန်းထားသည့်နေရာသို့ မရောက်ခဲ့။ ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် မတူတာက ချတ်ဒ်နိုင်ငံမှာ အစိုးရ၏တစ်ခုတည်းသောအလုပ်က ပြည်သူလူထုကို အကျိုးဆောင်ဖို့ပဲ ဖြစ်ပြီး ထိုအလုပ်သည် အကျင့်ပျက်လာဘ်စားမှုကြောင့် လုံးဝ ပိတ်ဆို့သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

### ကူညီနိုင်မည့်နည်းလမ်းများ ရှာဖွေခြင်း

ထောင်ချောက်များသည် Black hole ဟု ခေါ် သော အာကာသထဲက မမြင်ရသည့်ဆွဲငင်အားတွေလို 'အထဲကျသွားလျှင် ပြန်တက်လာဖို့ မဖြစ်နိုင်လောက်သည့်' အခြေအနေမဟုတ်ပါ။ ပြန်တက်လာဖို့ ခက်ခဲလိမ့်မည်။ သို့သော် ပြန်တက်ဖို့ ဖြစ်နိုင်ပါသည်။

တစ်ခုတော့ ရှိပါသည်။

စီမံအုပ်ချုပ်မှုညံ့ဖျင်းလို့ နိုင်ငံတစ်ခုက ထောင်ချောက်ထဲ ကျသွားပြီးလျှင် အဲဒီကနေ ပြန်တက်ဖို့ သန့်ရှင်းဖြင့် တွက်လျှင် တစ်နှစ်မှာ ၂ ရာခိုင်နှုန်း တိုးတက်မှုနှင့် အနည်းဆုံး နှစ်ပေါင်း ၆၀ ကြာလိမ့်မည်။ အပြောင်းအလဲ နည်းနည်းလေးမှ တစ်ဆင့်အခါအားလျော်စွာ တဖြည်းဖြည်း ပြန်တက်ဖို့ မဖြစ်နိုင်စရာမရှိ။

သူတို့ပြောတာကတော့ ကယ်တင်ပေးဖို့ နည်းလမ်းတွေ ရှိပါသည်။ သို့သော် အသေအချာ စဉ်းစားပြီး မမှားအောင် လုပ်မှ ဖြစ်မည်။

အဆုံးသတ်မှာတော့ ပေါလ်ကိုလီယာသည် ထို နိုင်ငံတွေကို တိုးတက်အောင် ဆွဲခေါ်ကူညီဖို့အတွက် အသင့်လျော်ဆုံး နည်းလမ်းတွေအဖြစ် ဖွံ့ဖြိုးပြီး အင်အားကြီး ရှစ်နိုင်ငံကို အကြံပေးထားသည်က အပြည်ပြည်ဆိုင်ရာ ဥပဒေကို ပြောင်းလဲပေးဖို့ မျှော်လင့်ချက်၊ သဘာဝသယံဇာတကို နည်းမှန်လမ်းမှန် အမြတ်ထုတ်အသုံးချဖို့ ကူညီပေးဖို့ မျှော်လင့်ချက်၊ မီဒီယာကို လွတ်လပ်ခွင့် ပေးဖို့ မျှော်လင့်ချက်၊ စီးပွားရေးဆိုင်ရာ လိမ်လည်မှုတွေကို



တားမြစ်ဖို့မျှော်လင့်ချက် ထိုအချက်များကို အကြံပေးထားဝါသည်။

ဆင်းရဲသောနိုင်ငံလေးများအတွက် မျှော်လင့် ချက်သည် လုံးဝ ပျက်သုဉ်းသွားတာမဟုတ်လို့ ကျွန်မ စိတ်ချမ်းသာရာရပါသည်။

ဂျပန်နိုင်ငံမှာ မွေးလာသော မိန်းကလေးငယ်လေး တစ်ယောက်သည် အသက် ၈၆နှစ်အထိ အသက်ရှည်ဖို့ မျှော်လင့်ချက်ရှိပြီး သူ အိမ်ထောင်သားမွေး ပြုသည့် အရွယ်မှာလည်း ဆေးရုံမှာ ပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့်၊ အသက်ကြီးရင့်လျှင်လည်း အိုမင်းရတာ အကူအညီ အထောက်အပံ့တွေနှင့် ကံကောင်းလှချိန်မှာ အင်ဂိုလာနိုင်ငံတို့ ဇင်ဘာဘွေနိုင်ငံတို့မှာ မွေးလာသည့် မိန်းကလေးတစ်ယောက်ကတော့ အသက် ၄၀ထိပဲ အသက်ရှည်ဖို့မျှော်လင့်ချက်ရှိသည်။ သူ ကလေးမွေးတော့လည်း ဆေးရုံမှာ မဖြစ်နိုင်။ အိမ်မှာ ဆင်းရဲနွမ်းပါး ချို့တဲ့စွာ လက်သည်နှင့် မွေးရမှာ။ ကလေးကလည်း အသက်ရှင်ဖို့ အခွင့်နည်းဦးမှာ။ ကလေး အသက်ရှင်ပြန်တော့လည်း ငါးနှစ်အထိ အသက်ရှည်ဖို့ပင် အခွင့်နည်းဦးမှာ။ မိခင်ကိုယ်တိုင်ကလည်း ကံကောင်းလို့ အသက်ရှည်ခဲ့လျှင်တောင် အိုမင်းမစွမ်းဖြစ်ချိန် ဆေးဝါးကုသမှုနှင့် အထောက်အပံ့ လုံးဝမရဘဲ ဖြစ်သလိုနေ ဖြစ်သလိုသေရမည့်ဘဝ။ ဒါတွေကို တွေးရတာ စိတ်မချမ်းသာခဲ့။ သူ့နေရာမှာ ကိုယ်နေကြည့်စမ်းပါ။ ဘယ်လိုမှ တွေးကြည့် လို့မရ။

ကျွန်မရော ဘယ်လိုအခြေအနေရှိသလဲ။ ကျွန်မ နေရာကို တခြား ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံသားတစ်ဦးက တွေးကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပခုံးတွန့်နေမှာလား။ ကျွန်မဘဝကို သူ ခဏယူပေးဖို့ စိတ်ကူး နှင့်ပင် တွန့်ဆုတ်နေရပြီတဲ့လား။

အခုတော့ ပေါလ်ကိုလီယာပြောသလို တိုးတက်ဖို့ မဖြစ်နိုင်သည့် အခြေအနေမဟုတ်။ မျှော်လင့်ချက်တွေ ရှိသေး သည်။ အားလုံး ဝိုင်းဝန်းကြိုးစားကြည့်ဖို့တော့ လိုပါလိမ့်မည်။

(မကွေးဆေးတက္ကသိုလ် နှစ်လည်မဂ္ဂဇင်းမှ)

ပေါလ်ကိုလီယာ

ကမ္ဘာကျော် စီးပွားရေးပညာရှင် အောက်စ်ဖို့ တက္ကသိုလ်ပါမောက္ခ ပေါလ်ကိုလီယာ မြန်မာနိုင်ငံသို့ လာမည် ဆိုတော့ ကျွန်မတို့ စိတ်လှုပ်ရှားမိကြသည်။ ပေါလ် ကိုလီယာ နှင့် တွေ့ချင်သည့်၊ သူ့ပို့ချချက်ကို နားထောင်လိုသည့် ပြည်သူ လူထုအတွက် အခွင့်အရေးတစ်ခု ရသည်။ မေလ ၂၅ရက်နေ့ တွင် မြန်မာအမ်အိုင်စီတီ ပါ့ခ် တွင် သူ့ ပို့ချချက်ကို သွားရောက် နားထောင်ခွင့် ဖြစ်သည်။

ပေါလ်ကိုလီယာကို တခြားသူတွေက မတွေ့ဖူးဘဲ နေ လို့ ရချင်ရနိုင်မှာ ဖြစ်ပေမဲ့ ကျွန်မကတော့ မတွေ့ရလျှင် စိတ်ထဲမှာ လိုက်ဟာသလို ခံစားရလိမ့်မည်။ ဘာကြောင့်လဲဆို တော့ သူ့နာမည်နှင့် စာအုပ်ကို ၂၀၀၈ ခုနှစ် ထုတ်ဝေသည့် လုံးချင်းဝတ္ထု 'သူ မင်းကို ဘယ်တော့မှ' တွင် ပထမဦးဆုံးအကြိမ် ကိုးကားထားမိသောကြောင့် ဖြစ်ပါသည်။

သူရေးသည့် ၂၀၀၇ခုနှစ်မှာ ထုတ်ဝေသည့် အောက် ခြေသန်းတစ်ထောင် The Bottom Billion စာအုပ်ကို ကျွန်မ ၂၀၀၈ ခုနှစ်တွင် ဖတ်ရပါသည်။ ဖတ်ပြီးနောက် နှလုံးသားထဲ စိမ့်ဝင်သည်အထိ အတွေးကြွယ်မိသော စာအုပ်ဖြစ်သည်။

ကလျာမဂ္ဂဇင်းနှင့် မကွေးဆေးတက္ကသိုလ် နှစ်လည် မဂ္ဂဇင်းတို့တွင် သူ့စာအုပ်ထဲမှ တချို့ကို ကျွန်မ ကောက်နုတ် ဖော်ပြခဲ့မိပါသည်။ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံတွေမှာ ရင်ဆိုင် နေရတတ်သည့် ထောင်ချောက်လေးခု အကြောင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





ကလျာမဂ္ဂဇင်းတွင် ပထမလ၌ ဖော်ပြပြီးနောက် ဒုတိယလတွင် ဆက်လက် ရေးသားခဲ့သော်လည်း ပုံနှိပ် ဖော်ပြခွင့် မရခဲ့ပေ။ ထို့ကြောင့် ထိုဒုတိယစာမူမှာ သိမ်း ထားရသည့်ဘဝသို့ ရောက်ခဲ့သည်။ ထို့နောက် ထိုဒုတိယ စာမူကိုပင် နိဒါန်းစကားအနည်းငယ် ဖြည့်စွက်ပြီး မကွေးဆေးတက္ကသိုလ် နှစ်လည်မဂ္ဂဇင်းတွင် ဖော်ပြခဲ့ရာ ပုံနှိပ်ခွင့် ရခဲ့သည်။

စာအုပ်က ထောင့်ပေါင်းစုံမှ ရှင်းလင်းထားတာ ဖြစ်ပြီး ကျွန်မက အကျဉ်းချုပ်မှာမှ အကန့်အသတ်နှင့် ဖော်ပြကောက်နုတ်ထားခြင်း ဖြစ်ရာ ထိုဆောင်းပါးတို့မှာ မူရင်းစာရေးဆရာ၏ အာဘော်ကို အပြည့်အဝ သစ္စာရှိရှိ ထင်ဟပ်ခြင်း မရှိနိုင်ပါ။ အနည်းအကျဉ်းသာ ထင်ဟပ်နိုင်ပါလိမ့်မည်။

မေလ ၂၅ရက်နေ့က နံနက်ဆယ်နာရီအချိန်တွင် မြန်မာအမ်ဖိုင်စီတီပါ့ခ်တွင် ပါမောက္ခ ပေါလ် ကိုလီယာနှင့်အတူ အခွန်ဘဏ္ဍာရေးကျွမ်းကျင်ပညာရှင် ဒု(က်) တက္ကသိုလ် (Duke University) က ပါမောက္ခ ရောဘတ် ကွန်းရတ် (Robert Conrad) ပါ ပါဝင်ပြီး မြန်မာပြည်အရေး ဆွေးနွေး အကြံပေးသည့် စကားများ ပြောခဲ့ သည်။ ထိုပွဲတွင် နှစ်ဦးလုံးသည် မိမိတို့ ကျွမ်းကျင်ရာ စီးပွားရေးကဏ္ဍများကို အလေးထား ဆွေးနွေးသွား ကြပါသည်။

ပေါလ်ကိုလီယာသည် နာမည်ကျော်ပုဂ္ဂိုလ် ဖြစ်သဖြင့် သူ့မိန့်ခွန်းစကားများကို ကျွန်မ အင်တာနက်မှ မကြာခဏ ကြည့်ရနားထောင်ရဖူးပါသည်။ သူ၏နာမည်ကျော် အောက်ခြေသန်းတစ်ထောင် စာအုပ်နှင့် ပတ်သက်သည့် အယူအဆတို့ကို တက္ကသိုလ်တွေမှာ အခမ်းအနားတွေမှာ ပြောဆိုသည့်မိန့်ခွန်းများရှိသည်။ TED (Technology, Entertainment and Design) ဟုခေါ်သော ဆယ့်ငါးမိနစ် နာရီဝက်စာ ဟောပြောပွဲချချက်များကို ကျွန်မ စိတ်ဝင်တစား ဖွင့်ကြည့်နားထောင်ခဲ့ဖူးရာ ပေါလ်ကိုလီယာသည်လည်း တစ်ယောက် အပါအဝင် ဖြစ်ပါသည်။ ထို့ကြောင့် သူ့ကို မတွေ့ဖူးခင်ကတည်းက ကျွန်မ သူ့ကို ရင်းနှီးနေပြီးသလို ခံစားရပါသည်။ ပါမောက္ခ ကိုလီယာသည် ၂၀၁၂ တွင် ဇန်နဝါရီမှစပြီး ကမ္ဘာလှည့် ဟောပြော ပွဲချ ဆွေးနွေးနေခဲ့ရာ ယခု မြန်မာနိုင်ငံသည် သူ့အတွက် ဆယ့်တစ်နိုင်ငံမြောက်ဟု ဆိုပါသည်။

မြန်မာနိုင်ငံ ဆင်းရဲခြင်းမှ လွတ်ကင်းဖို့ တိုးတက် ဖွံ့ဖြိုးဖို့ ရှေ့သို့ ခြေလှမ်းပြင်ဆင်သည့်အခါ သိပ် အရေးကြီး မျှော်မှန်းကြည့်စရာမလို။ သုံးနှစ်အတွင်းမှာပင်လျှင် ကြိုးစား အားထုတ်လို့ရသည်ဟု ပြောသည်။

သူက နိုင်ငံတစ်ခု တိုးတက်ဖွံ့ဖြိုးဖို့အတွက် အခြေခံအဖြစ် ပြောင်းလဲနိုင်သောအချက်သုံးခုကို ပထမဆုံး ပြောသည်။

မိုဘိုင်းလ်ဘဏ်စနစ်၊ (Mobile Banking)

မိုဘိုင်းလ်ဖုန်းများ ပေါများလာခြင်းသည် ကောင်းသောလက္ခဏာဖြစ်ပြီး မိုဘိုင်းလ် ဘဏ်စနစ်ကို ဦးတည်ဆောင်ရွက်လို့ အဆင်ပြေသည်ဟု ဆိုသည်။ မိုဘိုင်းလ် ဘဏ်စနစ်သည် ဆက်သွယ်ရေးလွယ်ကူသည်။ ရိုးစင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သေးငယ်သည့် ပြောင်းလဲမှုဖြစ်သော်လည်း ထင်ရှားစွာ ထူးခြားစွာ ပြောင်းလဲနိုင်သည့်အချက် ဖြစ် သည်။

မြန်မာနိုင်ငံမှ လူငယ်များ နိုင်ငံခြားမှာ အလုပ် သွားလုပ်နေကြတာကို သူသိသည်။ ထိုအလုပ်သွား လုပ်နေသည့် ပြင်ပရောက်ဆွေမျိုးသားချင်းများနှင့် ကိုယ်တိုင် ဆက်သွယ်ဖို့ ကွန်ရက်ဖွင့်ဖို့ ငွေကြေးနှင့် အခြား သတင်းအချက်အလက် စုဆောင်းဖို့ ကြားနာဖို့ အဆင်ပြေသည့် အပြင် ငွေလွှဲခြင်း ငွေပို့ခြင်းတို့လည်း လွယ်ကူသည်။ အခြေခံအနေနှင့် ပြောရလျှင်လည်း သတင်းအချက်အလက်ကို မရရှိလျှင် နိုင်ငံသားတို့အတွက် အခက်အခဲ ဖြစ်ပြီး အခွင့်အရေးယူသူတို့ လက်အောက်တွင် နစ်နာ ဆုံးရှုံးရသည်။

### လျှပ်စစ်ဖြန့်ဖြူးခြင်း (Electricity)

လျှပ်စစ်စွမ်းအင်သည် နိုင်ငံတစ်ခုအတွက်၊ နိုင်ငံ၏ လူငယ်တွေအတွက်၊ လုပ်အားအတွက် အထူးလိုအပ်သည်။ အစိုးရတစ်ရပ်သည် နိုင်ငံတွင်းတွင် လျှပ်စစ်ကို စနစ်တကျ ထုတ်ယူဖို့ စနစ်တကျ ဖြန့်ဝေပေးနိုင်ဖို့ အရင် ကြိုးစားရမည်။ နိုင်ဂျီးရီးယားတွင် ဓာတ်ငွေ့တွေ များစွာ ထွက်သော်လည်း မသုံးတတ်သဖြင့် ကောင်းကင်တွင် အလျှံတညီးညီး မီးတောက်လောင် ဖြုန်းတီးပစ်နေခဲ့ရသည်။ နိုင်ငံတစ်ခုလုံးကတော့ လျှပ်စစ်စွမ်းအင် လုံလောက်မှု မရှိ။ တကယ်တော့ အသစ်ပြန် မဖြစ်နိုင်သည့် ရုပ်ကြွင်းလောင်စာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကို ဖြုန်းတီးမပစ်သင့်ပါ။ လျှပ်စစ်ထုတ်လုပ်ရေးတွင် အသုံးချလိုက် သည့်



အခါ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံ လျှပ်စစ်ဓာတ်အားကို အဆင်ပြေစွာ ညီညွတ်စွာ အသုံးချလို့ရသွားသည်။

### အလုပ်အကိုင်အခွင့်အလမ်း (Job)

အဓိကအနေဖြင့် လူငယ်များကို အလုပ်အကိုင် အခွင့်အလမ်းများ ပေးရမည်။ လူငယ်တွေက အလုပ်မရှိလျှင် တော်လှန်ပုန်ကန်စိတ် ဝင်နိုင်သည်။ လူငယ်တွေ၏ လုပ်အားသည် နိုင်ငံ၏အရင်းအမြစ်လည်း ဖြစ်သည်။ အိန္ဒိယနိုင်ငံကို ဥပမာပြသည်။

အိန္ဒိယနိုင်ငံ၏ အတုယူဖွယ်စနစ်တစ်ခုမှာ ကျေးလက်ဒေသ၌ လူငယ်များအတွက် အလုပ်အကိုင် အာမခံ ပေးထားခြင်းပင် ဖြစ်သည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးမှုသည် တိုင်းပြည် တိုးတက်ဖို့အတွက် အခြေခံကောင်းတစ်ခု ဖြစ်သည်။ အဆင်းရဲဆုံး လူတန်းစားတို့မှာ တောနေ မြေယာမဲ့ လယ်လုပ်သားတို့ ဖြစ်ကြသည်။ ကျေးလက် ဒေသတွင် လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်။ တစ်နေရာနှင့်တစ်နေရာ ဆက်သွယ်ဖို့သည် သေရေးရှင်ရေး အရေးကြီးသည့် အချက်တစ်ခု ဖြစ်သည်။

နောက်တစ်ခု သူပြောသည်က ကျွန်မတို့နိုင်ငံနှင့် တိုက်ရိုက်သက်ဆိုင်နေသော သဘာဝသယံဇာတ စီမံခန့်ခွဲမှု အကြောင်း ဖြစ်ပါသည်။ ကျွန်မတို့ဆီက ရေနံနှင့် သဘာဝဓာတ်ငွေ့လိုပင် အာဖရိကနိုင်ငံတချို့မှာ စိန် ထွက်သည်။ စိန်တို့

www.burmeseclassic.com

www.burmeseclassic.com



အမြောက်အမြား ရှာဖွေတွေ့ရှိခြင်း၊ မိမိနိုင်ငံမှာ သယံဇာတ အများအပြား ထွက်ပေါ်ခြင်းမျိုးကြောင့် ဝင်ငွေများစွာ ရရှိနိုင်သည့် အခြေအနေကို တစ်နည်းအားဖြင့် အခွင့်အလမ်း Opportunity ဟု သူက အဓိပ္ပါယ်ဖော်သည်။

ကောင်းမွန်သော၊ တရားမျှတသော၊ လိမ်မာပါးနပ် သော၊ ခေါင်းဆောင်မှု အရည်အသွေး အရေးကြီးသည်။ သူတို့ကို အကြံဉာဏ်ပေးရမည့် တွေးခေါ်ရှင် ပညာရှင် Think Tank များလည်း အရေးကြီးသည်။ သို့မှသာလျှင် သာမန်တိုင်းသူပြည်သားတို့ အခွင့်အလမ်း ရအောင် ဆင်းရဲနွမ်းပါးမှုမရှိအောင် သယံဇာတဖြင့် ကူညီ နိုင်လိမ့်မည်။

မူဝါဒချမှတ်သူတို့သည် ပွင့်လင်းထင်သာ ရိုးသားဖြောင့်မတ်ရမည်။ အခွင့်အလမ်းကို ပြည်သူလူထုနှင့် တိုင်းပြည်အတွက် အသုံးချသည့် ရပ်တည်ချက် ဖြစ် ရမည်။ Narrative of Opportunity ဟူသော စကားလုံးကို သူ သုံးနှုန်းသွားပါသည်။

စီမံအုပ်ချုပ်မှုကောင်းလျှင် သဘာဝ သယံဇာတသည် နိုင်ငံကို တိုးတက်စေပြီး စီမံအုပ်ချုပ်မှုညံ့လျှင် နိုင်ငံကို အောက်ခြေသို့ ရောက်အောင် ဆွဲချသလို ဖြစ်လိမ့် မည်။ ထိုယူဆချက်တို့ သူက အာဖရိကနိုင်ငံများဖြစ်သော ဘော့စ်ဝါနာနှင့် ဆီယာရာလီယုန်း နှစ်နိုင်ငံဖြင့် ဥပမာပေး ရှင်းပြခဲ့သည်။

ဘော့စ်ဝါနာနိုင်ငံသည် အိမ်နီးချင်းတွေကြားတွင် ပိတ်မိနေသည့် သဲကန္တာရနိုင်ငံဖြစ်ပြီး ဆီယာရာလီယုန်းကတော့



လှပသောကမ်းခြေရှိသည့် လမ်းပွင့်နေသည့် နိုင်ငံဖြစ်သည်။ သို့သော် မူဝါဒမှန်ကန်သည့်အခါ ပိတ်မိနေသည့်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သွားပြီး လမ်းပွင့်နေသော ဆီယာရာလီယုန်းနိုင်ငံက ဆင်းရဲတွင်းထဲ ကျရောက်လျက်ရှိသည်။

ဇမ်ဘီယာနိုင်ငံကတော့ ကြေးနီဓာတ်သတ္တု ပေါများကြွယ်ဝသောနိုင်ငံဖြစ်သည်။ ဇမ်ဘီယာသည် ပြည်ပသို့ ကြေးနီမှ သုံးဘီလျံဖိုး ထုတ်ရောင်းသည်။ သို့ပါလျက် အစိုးရအခွန်အတွက် ဝင်ငွေကတော့ သန်း ၁၀၀ တောင် အနိုင်နိုင်ဖြစ်သည်။

ကျန်သည့်ငွေတွေ ဘယ်ရောက်ကုန်သနည်း။

အကျိုးအမြတ်သည် တရုတ်ကြေးနီကုမ္ပဏီများ ဆီသို့ လိမ့်ဝင်သွားပြီး မူရင်း ဇမ်ဘီယာနိုင်ငံသားတို့ အတွက်တော့ အကျိုးအမြတ်မရှိ ဖြစ်ကုန်သည်။ စီမံ အုပ်ချုပ်မှု ညံ့ဖျင်းသောအခါ သယံဇာတမှရယူမည့် အခွန်စနစ်သည် နိုင်ငံတွင် အလုပ်မဖြစ်ပေ။

ဥရောပမှာ စီမံအုပ်ချုပ်မှု အကောင်းဆုံး ဘယ်နိုင်ငံလို့ထင်လဲ။ ဂျာမနီနိုင်ငံပါ တဲ့။

ဘာကြောင့် သူက အကောင်းဆုံး ဖြစ်နေရသလဲ။

ရှင်းပါတယ်။ အဆိုးဆုံး ဖြစ်ခဲ့ပြီးလို့ပါ ဟု ဆိုသည်။

အဆိုးဆုံး ဖြစ်ခဲ့သူတို့တွင် နောက်ထပ်ဒါမျိုး ပျက်စီးပြိုကွဲမှု မဖြစ်ချင်တော့ပါဘူး (Never again plundered) ဟူသည့် စိတ်အခြေအနေ ရှိနေသည်တဲ့။

ထိုအခါ ဂျာမန် မူဝါဒချမှတ်သူတို့သည် အောက်ခြေလှမ်းသုံးရပ်ကို လှမ်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com



Rules- မူဝါဒများ

ပထမခြေလှမ်းမှာ စီးပွားရေးမူဝါဒ အတွက် စည်းမျဉ်းဥပဒေများ ဖြစ်သည်။

အခုအခါ အာဖရိကအစိုးရတချို့သည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို သယံဇာတမှရရှိသည့်ဝင်ငွေ အသုံးပြုမှုစည်းမျဉ်းနေရာတွင် အသုံးပြုလာကြသည်။ ဥပမာ ဂါနာနိုင်ငံသည် သယံဇာတရေနံမှ ရသည့်ဝင်ငွေ၏၃၀ ရာခိုင်နှုန်းကို အနာဂတ်မျိုးဆက်အတွက် သီးသန့် ဖယ်ထားပြီး သိမ်းဆည်းစုဆောင်းထားသည်။ စည်းမျဉ်းဆိုသည်မှာ လမ်းညွှန်မှုကဲ့သို့ပင် အရေးကြီးလေသည်။ အံ့သြစရာကောင်းသည်က အချို့သော အစိုးရတို့သည် ကိုယ်ထုတ်ထားသည့် ဥပဒေကိုပင် ကိုယ်မလိုက်နာ ကြပေ။ နိုင်ငံ၏ တိုးတက်မှု ဆုတ်ယုတ်မှုသည် အစိုးရ၏ စည်းမျဉ်းဥပဒေကို လိုက်နာမှု ရှိမရှိပေါ်မှာ မူတည်နေသည်ဟု ဆိုပါသည်။

Critical mass of ordinary citizens - တာဝန်သိတတ်သော၊ စဉ်းစားဆင်ခြင်တတ်သော၊ ကိုယ့်မူဝါဒကို ကာကွယ် စောင့်ရှောက်နိုင်သော သာမန် ပြည်သူ လူထု၊

တာဝန်သိတတ်သော၊ စဉ်းစားဆင်ခြင်တတ်သော ကိုယ့်မူဝါဒကိုယ် ကာကွယ်စောင့်ရှောက်နိုင်သော သာမန်ပြည်သူလူထုကို တည်ဆောက်ယူရမည်။ ထိုအချက်သည် ဒုတိယအရေးကြီးသည့်ခြေလှမ်းဖြစ်သည်။



သတင်းအချက်အလက်မှန်ကို သိနေသော၊ စိတ်ဓာတ်ခိုင်မာသော တာဝန်သိ ပြည်သူလူထုသည် မူဝါဒ ချမှတ်သူများအား စောင့်ကြည့်ပြီး လွဲချော်နေလျှင် အမှန်တရားကို တောင်းဆိုတတ် ကြလိမ့်မည်။

Institutions- လူ့အဖွဲ့အစည်းအတွင်း ဘက်ပေါင်းစုံမှ ပညာရှင်များ စုပေါင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ၊

ဘက်ပေါင်းစုံမှ ပညာရှင်များ ပါဝင်နေသည့် အဖွဲ့အစည်းများသည် တတိယခြေလှမ်းဖြစ်သည်။ နိုင်ငံတစ်ခုတွင် လူငယ်များ၏ပညာရေး၊ ပြည်သူလူထု ကျန်းမာရေးတို့ကို အဓိကအလေးထား ဆောင်ရွက်ဖို့ ထောက်ပံ့ကူညီပေးနိုင်သည့် လွတ်လပ်သောအဖွဲ့အစည်း များကို လိုအပ်သည်။ ထောက်တိုင်သုံးခုပါသည့် Tripod လိုပင် ညီညွတ်မျှတနေလျှင် နိုင်ငံတစ်ခုသည် ဂျာမနီကဲ့သို့ပင် အမှားကင်းစင်ပြီး စီမံအုပ်ချုပ်မှု ကောင်းမွန်သွားလိမ့်မည်ဟု ဆိုလိုပါသည်။

ကျွန်မတို့မြန်မာနိုင်ငံ ဆင်းရဲတွင်းမှ လွတ်ကင်းဖို့ဆိုလျှင် လက်တွေ့ကျကျ စီးပွားရေးဆုံးဖြတ်ချက်တစ်ခု လိုအပ်သည်။ ထိုစီးပွားရေးဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန်လည်း အချက်ငါးခု (သေးငယ်သော အစုအဝေး ငါးခု) လိုအပ်သည်ဟု သူက ထပ်ဆင့် ပြောသည်။

(၁) သဘာဝသယံဇာတ ပေါကြွယ်သည့် တိုင်းပြည်နှင့် ထိုသယံဇာတကို ရှာဖွေရန်၊ ရှာဖွေရရှိသော သယံဇာတတို့

www.burmeseclassic.com



ကောင်းစွာ စီမံခန့်ခွဲရန်ဖြစ်သည်။

ထိုသို့ဖြစ်စေဖို့ ပြည်သူလူထုသည် ကိုယ့်နိုင်ငံ၏ ပထဝီဝင်ကို သတင်းအတိအကျရရှိထားစေရမည်။ ရောင်းချမည့်သယံဇာတဝင်ငွေသည် အများဆုံးပေးနိုင်သူသို့ လက်လွှဲရောင်းချသည့်ပုံစံ၊ လေလံခေါ်ယူသည့် ပုံစံမျိုး (Auction) ဖြစ်လို့လည်း ရသည်။ ဒါမှသာ ဝယ်ယူသူ ရင်းနှီးမြှုပ်နှံသူတို့သည် အပြိုင်အဆိုင်ဈေးခေါ်ကြလိမ့်မည်။ တစ်ဦးတစ်ယောက်တည်း၊ တစ်ဖွဲ့တည်းသို့ လက်ဝါးကြီးအုပ် ရင်းနှီးမြှုပ်နှံခွင့်ပေးတာမျိုး မဖြစ်စေရ။ သို့မှသာ တကယ့် တန်ဖိုးအစစ်အမှန်ကို ဖော်ထုတ်နိုင်မည်။ တိတ်တဆိတ် လျှို့ဝှက် သဘောတူညီခြင်းမျိုးသည် လူလိမ်လူညာတို့အား ဖိတ်ခေါ်နေခြင်းပင်ဖြစ်သည်။

နောက်ပြီး သယံဇာတ ရင်းနှီးမြှုပ်နှံ ခွင့်ပေးသည့်ကိစ္စတွင် သတိထားရန်မှာ ရင်းနှီးမြှုပ်နှံလာမည့် ကုမ္ပဏီတို့တွင် ကျွမ်းကျင်ပညာရှင်တို့ များစွာ ရှိသည်။ သူတို့ အခွင့်အရေး များသည်ထက်များအောင် အကျိုးအမြတ် များသည်ထက်များအောင် တောင်းဆိုဖို့ ဝန်လေးမည် မဟုတ်ပေ။ အိမ်ရှင်နိုင်ငံသည် ဆင်းရဲသည်ဖြစ်ရာ အစိုးရဘက်မှာ ကျွမ်းကျင်ပုဂ္ဂိုလ်ကလည်း နည်းပါးတတ်သည်မို့ အလိမ်အညာခံရဖို့ ရာနှုန်း တော်တော်များနေသည်။ အစိုးရတွင် နိုင်ငံတွင်းသို့ ရင်းနှီးမြှုပ်နှံလာသည့် စီးပွားရေးကုမ္ပဏီကြီးများ၏ စာရင်းအင်းကျွမ်းကျင်သူများကဲ့သို့ ကျွမ်းကျင် ပညာရှင်များ ရှိနေဖို့ လိုအပ်သည်။ ရှာဖွေ ခန့်ထားရမည်။



(၂) ထိုသို့ စီမံခန့်ခွဲသည့်အရေးတွင် ဒေသခံ ပြည်သူလူထု၏ပူးပေါင်းဆောင်ရွက်မှု အရေးကြီးသည်။

ပါမောက္ခ ကိုလီယာသည် အနာဂတ်ပြည်သူ ပြည်သားများဖြစ်သော လူငယ်တို့ကို အလေးထား စဉ်းစားသူဖြစ်သည်။ သယံဇာတ ရောင်းချငွေတို့ထဲမှ အကျိုးအမြတ် တချို့တစ်ဝက်ကို ပြည်သူလူထု၏လက်ထဲသို့ ရောက်မှသာ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ တိုးတက်ပြီး လူထုက စီးပွားရေးကျွမ်းကျင်မှုကို ရမည်။ ပြည်သူလူထုကို ကျွမ်းကျင်သူများဖြစ်အောင် မြှင့်တင်ပေးဖို့ လိုအပ်သည် ဟု ဆိုပါသည်။

နောက်ပြီး အမြတ်ခွန်ငွေကို စိစစ်သည့် အဖွဲ့အစည်းတစ်ခုကို ဆောင်ရွက်ရမည်။ အမြတ်ခွန်ကို ပေးဆောင်ရမည့်နည်းတူ ထိုအမြတ်ခွန်ငွေကို စနစ်ကျကျ အသုံးပြုဖို့ လိုအပ်သည်။

(၃) သုံးစွဲမှုနှင့်ရင်းနှီးမြှုပ်နှံမှုကို မျှချေညီအောင် ပြုရမည်။

ပညာရေးအတွက် ရင်းနှီးမြှုပ်နှံခြင်း၊ ပြည်သူလူထု၏ ကျွမ်းကျင်မှုအတွက် ထည့်တွက် စဉ်းစားပေးခြင်းတို့သည် ဖြုန်းတီးသုံးစွဲမှုတို့နှင့်အတူပင် အလေးထားရမည့် အချက်ဖြစ်သည်။ ဝင်ငွေ၏ ၃၀ရာခိုင်နှုန်းကို အနာဂတ် ကလေးငယ်များအတွက် စုဆောင်းရင်းနှီး မြှုပ်နှံ မပေးလျှင် ထိုအစိုးရသည် အနာဂတ်မျိုးဆက်ကို အလေး ဂရုထားသည်ဟု မခေါ်နိုင်ပါ တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဘဏ္ဍာငွေသုံးစွဲခြင်းကို နောက်ကနေ နောက်ယောင်ခံလိုက်နိုင်ရမည်။ သုံးစွဲသည့်ငွေကြေးနှင့် သုံးစွဲပုံ လုပ်ငန်း အဆင့်ဆင့်ကို သိနေရမည်။ ဝန်ကြီးဌာနမှ ငွေ မည်မျှ ထုတ်ပေးလိုက်ပြီး ထိုငွေက နောက်ဆုံးပစ်မှတ် ဌာနဆီသို့ ဘယ်လောက် ရောက်သွားသလဲ။ ပြည်သူအတွက် ဘဏ္ဍာရေးအသုံးစရိတ်ကို သိနေရမည်ဟု ဆိုပါသည်။ ဥပမာ အသုံးစရိတ်၏ ၂၀ရာခိုင်နှုန်းသည် ကျောင်းပညာရေးဆီသို့ ရောက်ရမည် စသည်ဖြင့် စနစ်တကျခွဲဝေသုံးစွဲ ဖို့လိုသည်။ ထိုအသုံးစရိတ်ကို နောက်ယောင်ခံ လိုက်သည့် အဖွဲ့အသင်းများ ရှိရမည်။

(၄) နောက်တစ်ခုက ပြည်သူအတွက် ရင်းနှီး မြှုပ်နှံမှုစီမံခန့်ခွဲခြင်း ညွှန်းကိန်း (Public Investment Management Index) စနစ်တကျ ထားရှိဖို့ အရေးကြီးသည်။ ထိုညွှန်းကိန်းအတွက် အဆင့် ၄ ဆင့် လိုအပ်ပြန်သည်။ ထိုအဆင့်များမှာ အများစုသော စီမံကိန်းများကဲ့သို့ပင် ဖြစ်ပါသည်။

ပထမဆင့်က စီမံကိန်း၏ဒီဇိုင်းပုံစံ ချမှတ်ဖို့ (Project design)၊ ထို့နောက် သင့်တော်သည့် နည်းဗျူဟာ ရွေးချယ်ဖို့ (Selection)၊ ပြီးတော့ လက်တွေ့ အကောင်အထည်ဖော်ဖို့ (implementation)၊ နောက်ဆုံးကတော့ ပြန်လည်ဆန်းစစ် ပိုင်းခြားဖို့ (evaluation) ဖြစ်သည်။

အကောင်အထည် ဖော်သည့်နေရာတွင် အောင်မြင်မှုအရှိဆုံးက ရဝမ်ဒါနိုင်ငံဖြစ်သည်ဟု သူက ဥပမာ ပြ၏။ ရဝမ်ဒါ



သည် လူဦးရေ များလွန်းလှသော်လည်း၊ မကြာသေးမီကမှ အစုလိုက်အပြုံလိုက် လူသတ်မှုများ၊ မျိုးဖြုတ်သုတ်သင်မှုများ ဖြစ်ပွားခဲ့ရာဖြစ်သော်လည်း၊ ပိတ်မိနေသောနိုင်ငံ ဖြစ်သော်လည်း ပြည်သူအတွက် ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲသည့်အရေးတွင် အကောင် အထည်ဖော်ရာ၌ တရုတ်နိုင်ငံထက်ပင် မြန်ဆန်သေးသည် ဟု သူက ဆိုပါသည်။ ထို့ကြောင့်လည်း ဆင်းရဲနွမ်းပါးမှုကို လျှင်မြန်စွာ လျှော့ချနိုင်နေသည်ဟု ပြောသည်။

နောက်ဆုံးတစ်ခုကတော့

(၅) ပြည်သူလူထုအတွက် အသုံးစရိတ် ဘဏ္ဍာငွေ၏ အရည်အသွေး (Quality of public spend money) ဖြစ်သည်။

ပြည်သူလူထုအတွက် အသုံးစရိတ်သည် နည်းမှန်လမ်းမှန် ဖြစ်ရမည်။ အရည်အသွေးရှိသည့် အသုံးစရိတ် ဖြစ်ရမည်။

ပညာရေးအသုံးစရိတ်၊ ကျန်းမာရေး အသုံးစရိတ်၊ လမ်းပမ်းဆက်သွယ်ရေးအတွက် အသုံးစရိတ် တို့ကို မည်ကဲ့သို့ သုံးသလဲ။

အသုံးစရိတ်၏ မည်သည့်အချိုးကို ပြည်သူအတွက် အသုံးပြုသလဲ။

ထိုအချက်တို့သည် ပြည်သူ့ဘဏ္ဍာငွေ၏အရည်အသွေး ဖြစ်သဖြင့် အလွန်အရေးကြီးသည်။

အစိုးရသည် အစိုးရမဟုတ်သော အဖွဲ့အစည်း တစ္စ (Private Sector) များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ သို့သော

www.burmeseclassic.com

www.burmeseclassic.com



စီမံခန့်ခွဲမှုအတွက် ရလဒ်ကောင်းမည်။ ပြိုင်ဆိုင်မှုရှိမှ စီမံအုပ်ချုပ်မှု ကောင်းမွန်လာမည်ဟု ဆိုပါသည်။ စောစောက ပြောခဲ့သောအဖွဲ့အစည်း Institutions များကို ဆိုလိုခြင်း ဖြစ်ပါလိမ့်မည်။

ကျွန်မတို့လို သာမန် ပြည်သူလူထုသည်လည်း မိမိတို့ပါဝင်သော အဖွဲ့အစည်း Institutions များနှင့် မူဝါဒများကို ကာကွယ် ခုခံနိုင်သူများ ဖြစ်ရမည်။ ခုခံ ကာကွယ်နိုင်ဖို့ ဆိုသည်မှာလည်း ပြည်သူလူထုသည် လုံလောက်သော သတင်းအချက်အလက် ရရှိပြီး ဖြစ်ရမည်။ ဗဟုသုတ ဉာဏ်ပညာ ရှိနေဖို့ ပတ်ဝန်းကျင်နှင့် နိုင်ငံအခြေအနေကို လေ့လာနေရမည်။

ပေါလ်ကိုလီယာ ပြောပြသွားသော အချက်အလက်တို့သည် ကျွန်မတို့နိုင်ငံအတွက် မျှော်လင့်ချက်များ ဖြစ်လေသည်။

ဂျူး
(၂၅၊ ၅၊ ၂၀၁၂)

www.burmeseclassic.com